Thinking Classroom Foundation

Critical Thinking Workshop

Two-Day Program

2010

Guidebook

အမှာစာ

ဝေဖန်ပိုင်းခြားစဉ်းစားခြင်း (Critical Thinking) သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နေ့စဉ်နေထိုင်မှုဘဝအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ဒီမိုကရေစီစနစ် ကမ္ဘာအနှံ့ပြန့်နှံ့လာသည်နှင့်အမျှ လူတစ်ဦးချင်း၏ပါဝင်မှုနှင့် အဆုံးအဖြတ်သည် အရေးကြီးသောနေရာသို့ ရောက်လာသည်ဖြစ်ရာ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းသည် အဆုံးအဖြတ်တစ်ခုကို မှန်မှန်ကန်ကန် ချမှတ်နိုင်ရန် အကူအညီပေးပါသည်။

မြန်မာနိုင်ငံသားများဆရာအတတ်ပညာသင်တန်းမှ ဆရာ၊ ဆရာမများအား 'ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့် စာရေးခြင်း' (RWCT) သင်တန်းများကို ၂၀၀၂ ခုနှစ်မှ စတင်ပို့ချခဲ့ပါသည်။ ၂၀၀၉ ခုနှစ်မှစ၍ လူငယ်များအတွက် 'ဝေဖန်ပိုင်းခြားစဉ်းစားခြင်း' ဆွေးနွေးပွဲများပြုလုပ်ခဲ့ပါသည်။ ဆရာ၊ ဆရာမများအတွက် သင်တန်းသည် စာသင်ခန်းအတွင်း ကျောင်းသားများအား သင်ကြားရာတွင်အသုံးပြုရန်ရည်ရွယ်ပြီး လူငယ်များအတွက် ဆွေးနွေးပွဲသည် နေ့စဉ်ဘဝအတွက် လိုအပ်သော 'ဝေဖန်ပိုင်းခြားစဉ်းစား၍စာဖတ်ခြင်း'၊ 'ဝေဖန်ပိုင်းခြားစဉ်းစား၍စာရေးခြင်း'၊ 'ဝေဖန်ပိုင်းခြားစဉ်းစား၍ဆွေးနွေးခြင်း' နှင့် 'ဝေဖန်ပိုင်းခြားစဉ်းစား၍နားထောင်ခြင်း' ကဏ္ဍများပါဝင်ပါသည်။

ဤစာအုပ်ငယ်တွင် 'ဝေဖန်ပိုင်းခြားစဉ်းစားခြင်း' ဆွေးနွေးပွဲ၌ လက်တွေ့လေ့ကျင့်ရန်အတွက် အသုံးပြုသော ဖတ်စာများနှင့် ရှင်းလင်းချက်များပါရှိပါသည်။ နှစ်ရက်တာဆွေးနွေးပွဲအတွက် ပြင်ဆင်ထားသော သင်ခန်းစာများဖြစ်ပါသည်။

လေးစားစွာဖြင့်

ဒေါက်တာသိန်းလွင်
မြန်မာနိုင်ငံသားများဆရာအတတ်ပညာသင်တန်း

နေ့စွဲ ၊ ၂၀၁၀ ဇန်နဝါရီလ ၂၈ ရက်

စဉ်	မာတိကာ	စာမျက်နှာ
၁။	"ဝေဖန်ပိုင်းခြားစဉ်းစားခြင်း" ကိုမိတ်ဆက်ခြင်း	၄
၂။	အပိုင်း (၄) ပိုင်းပါ နားလည်သဘောပေါက်ခြင်းနမူနာပုံစံ	၁၂
၃။	ဝေဖန်ပိုင်းခြားစဉ်းစား၍စာဖတ်ခြင်း	၁၃
	၃. ၁ ဆေးလိပ်သောက်သူများအတွက် ကြားနာကြစို့	၁၃
၄။	ဝေဖန်ပိုင်းခြားစဉ်းစား၍ ဆွေးနွေးခြင်း	၁၄
	၄. ၁ ခဲဆိပ်ပမာဏဘယ်လောက်လဲ	၁၄
	၄. ၂ ဆင်များနဲ့တောင်သူများ	၁၆
	၄. ၃ ပညာရှင်များငြင်းခုံဆွေးနွေးခြင်း	၁၇
၅။	ဝေဖန်ပိုင်းခြားစဉ်းစား၍ မေးခွန်းမေးခြင်း	၁၉
	၅. ၁ စွန့်စားသူမာကိုပိုလို	၁၉
၆။	ဝေဖန်ပိုင်းခြားစဉ်းစား၍ နားထောင်ခြင်း	၂၁
	၆. ၁ ကျိုတိုသဘောတူညီချက်	၂၁
	၆. ၂ ဝေဖန်ပိုင်းခြားစဉ်းစား၍ နားထောင်ခြင်းဇယား	၂၃
၇။	ဝေဖန်ပိုင်းခြားစဉ်းစား၍ စာရေးခြင်း	၂၄
၈။	စုပေါင်းသင်ယူခြင်း	၂၇
	၈. ၁ ဟယ်လိုဝင်းမှာစဉ်းစားမိခြင်း	၂၇
၉။	ဝေဖန်ပိုင်းခြားစဉ်းစားခြင်းရဲ့ တိုးတက်မှုအတိုင်းအတာများ	၃၁
၁၀။	တစ်နေ့တာဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း	၃၂

Critical Thinking Workshop

Dr. Thein Lwin, EdD
Teacher Training Center for Burmese Teachers
Thinking Classroom Foundation

Critical Thinking

From Wikipedia, the free encyclopedia

- Critical thinking is purposeful and reflective judgment about what to believe or what to do in response to expressions or arguments.
- Critical thinking employs not only logic but broad intellectual criteria such as clarity, credibility, accuracy, precision, relevance, dept, breadth, significance and fairness.

Critical Thinking

RWCT/TTBT

Critical thinking involves a complex thought process which begins with information and ends in decision making.

Information → Decision Making



Bloom's Taxonomy

- Knowledge
- Comprehension
- Application
- Analysis
- Synthesis
- Evaluation

Classroom Level Critical Thinking

READING & WRITING for CRITICAL THINKING

The Authors of RWCT Guidebooks

RWCT-IC Conference

March 2006, Kiev, Ukraine

Thinking Classroom

Framework for Critical Thinking

- Evocation
- Realization of Meaning
- Reflection

Piaget's Learning Theory

Learning is the process of assimilating new information to the knowledge of the world we already have.

A Four-Part Model of Comprehension

- Global Comprehension
- Interpretative Comprehension
- Personal Comprehension
- Critical Comprehension

Roundtable Discussion



Speaker Centered Small Group Discussion Roundtable Discussion

Dimensions of Growth in Critical Thinking

- Personal to Public
- Heteronomous to Autonomous
- Intuitive to Logical
- One perspective to many perspective

Kalama Sutta

The Lord Buddha

You may well doubt, you may well be uncertain …

Do not accept anything because it is the authoritative tradition, because it is often said, because of rumor or hearsay, because it is found in the scriptures, because it agrees with a theory of which one is already convinced, because of the reputation of an individual, or because a teacher said it is thus and thus …

But experience it for yourself.

၂။ အပိုင်း ၄ ပိုင်းပါ နားလည်သဘောပေါက်ခြင်း နမူနာပုံစံ

နမူနာပုံစံတခုက အကြောင်းအရာအသစ်တခုနဲ့ တွေ့လာရတဲ့အခါ ဖြစ်ပေါ်တဲ့ သဘောပေါက်နားလည်မှုလေးမျိုးကို စဉ်းစားဖို့အဆိုပြုထားပါတယ်။

ခြုံငုံနားလည်သဘောပေါက်ခြင်း (global comprehension) အားဖြင့်အကြောင်းအရာတခုကိုယေဘုယျ အားဖြင့် နားလည်ကြပါတယ်။

အဓိပ္ပာယ်ပြန်ဆိုခြင်းအားဖြင့်နားလည်သဘောပေါက်ခြင်း (interpretative comprehension) ဟာ Bloom ရဲ့ အဓိပ္ပာယ်ပြန်ဆိုခြင်းအဆင့်နဲ့တူပါတယ်။ ဒီလိုသဘောပေါက်နားလည်းရင် ကျောင်းသားတွေအနေနဲ့ နောက်ဆက်တွဲ ဆိုလိုချက်တွေကို ဆွေးနွေးနိုင်ပြီး၊ အဆက်အစပ်တွေတွေ့ပြီး၊ အကြောင်းအရာထဲက အပေါ်ယံကြည့်ရင်မတူတဲ့နေရာတွေ၊ အဆက်အစပ်မရှိတဲ့နေရာတွေကနေ အတွေးအခေါ်တွေ အချက်အလက်တွေကို ဆက်စပ်နိုင်ပါ တယ်။

ကိုယ်ပိုင်နားလည်သဘောပေါက်ခြင်း (personal comprehension) ဟာ ဗဟုသုတအသစ်တွေကို ကျောင်းသားမှာ ရှိပြီးသားကိုင်ပိုင်အတွေ့အကြုံတွေနဲ့ သိပြီးသားဗဟုသုတနဲ့ ဆက်စပ်ပေးတဲ့လုပ်ငန်းစဉ်တခုပါ။

ဝေဖန်သုံးသပ်နားလည်သဘောပေါက်ခြင်း (critical comprehension) ဟာ ကျောင်းသားတွေကို အကြောင်းအရာ ဆီကနေ နောက်တလှမ်းဆုတ်ပြီး ကျောင်းသားတွေသိပြီးသားအသိတွေ၊ ယုံကြည့်မှုတွေနဲ့ နားလည်မှု တွေအရ အဲဒီအကြောင်းအရာရဲ့ တန်ဖိုး၊ မှန်ကန်မှု၊ အသုံးဝင်မှုနဲ့ အရေးပါပုံတို့ကို စဉ်းစားစေပါတယ်။ ဒီလိုနားလည်သဘောပေါက်မှုမျိုးတွေဖြစ်အောင် မေးခွန်းတွေ မေးသွားရင်ရပါတယ်။ ဒီလေးမျိုးမှာ ယေဘုယျကတိတိကျကျအချက်အထိ ရှုပ်ထွေးမှုအဆင့်ကွာပါတယ်။ ဒါပေမဲ့ လေးမျိုးစလုံးဟာ ကျောင်းသားတွေကို သိလာရတဲ့ ဗဟုသုတအသစ် ကို အဓိပ္ပာယ်ရှိတဲ့အခြေအနေမှာ စဉ်းစဉ်းစားစားထားစေပါတယ်။

ကျောင်းသားတွေဟာသူတို့ရဲ့သင်ယူမှုကို အကြံတွေ၊ အချက်အလက်တွေနဲ့အတွေ့အကြုံတွေ အဆက်မပြတ်စီးဆင်းနေမှုတခုလို့ မြင်ရမှာဖြစ်ပါတယ်။ သင်ယူမှုဟာ သီးသန့်ကြီးဘယ်တော့မှ မဖြစ်ပါဘူး။ ဘဝအတွေ့အကြုံနဲ့ အရင်က သင်ယူခဲ့တာတွေထဲမှာ အမြဲဖြစ်ပါတယ်။ ဒါကြောင့်ကျောင်းသားတွေကို သူတို့သင်ယူနေတာတွေနဲ့သူတို့သိပြီးသား၊ နားလည်ပြီးသား၊ ယုံကြည်ပြီးသားနဲ့ ခံစားပြီးသားအရာတွေကြား ဆက်စပ်ရာမှာ အထောက်အကူပြုတဲ့ မေးခွန်းတွေမေးရပါမယ်။ ဒါကြောင့်သင်ခန်းစာ ဒါမှမဟုတ် အကြောင်းအရာတခုအကြောင်းသာမက ကျောင်းသားတွေရဲ့ သင်ယူခဲ့ဖူးတာတွေကနေဖြစ်လာတဲ့ အဓိပ္ပာယ်အမျိုးမျိုးကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒီလမ်းညွှန်စာအုပ်ထဲကဇာတ်လမ်းလို အကြောင်းအရာတခုကိုတင်ဆက်တဲ့အခါ ကျောင်းသားတွေဇာတ်လမ်းထဲမှာ အဆက်အစပ်ရှာဖို့နဲ့နားလည်ဖို့ ကူညီရပါမယ်။ ဒီသင်ခန်းစာ ဒါမှမဟုတ် ဒီဖတ်စာနဲ့တခြားကြုံဖူးတာတွေကို နှိုင်းယှဉ်ခိုင်းပြီး ဒီဇာတ်လမ်း အပြင်ဘက်နဲ့လည်း အဆက်အစပ်လုပ်ဖို့အားပေးရ ပါမယ်။ ဇာတ်လမ်းထဲကအဓိက အကြောင်းအရာတွေကိုကြည့်ခိုင်းပြီး တခြားဇာတ်လမ်းတွေထဲက ဒီလိုအကြောင်း အရာမျိုးတွေနဲ့ ဒါမှမဟုတ်သူတို့ရဲ့ဘဝ ဆက်စပ်ခိုင်းပြီး အဲဒီအရင်က အတွေ့အကြုံတွေက အခုလက်ရှိတွေးခေါ်ပုံကို ဘယ်လိုလွှမ်းမိုးသလဲဆိုတာ မေးပါ။

၃။ ဝေဖန်ပိုင်းခြားစဉ်းစား၍စာဖတ်ခြင်း

ဝေဖန်ပိုင်းခြားစဉ်းစား၍စာဖတ်ခြင်းဆွေးနွေးပွဲအတွက် ‘ဆေးလိပ်သောက်သူများအတွက် ကြားနာကြပါစို့’ ဖတ်စာကိုရွေးချယ်ထားပါသည်။ ဤဖတ်စာသည် ပြဿနာတရပ်၏ ဘက်နှစ်ဘက်အနက် ဘက်တစ်ခုမှ ရပ်တည်ရေးထားသောစာဖြစ်ပါသည်။ သတိမထားဘဲဖတ်ပါက စာရေးသူ၏အရေးအသား နောက်ပါသွားပြီး စာရေးသူဆွဲဆောင်သည့်ဘက်သို့ ရောက်ရှိသွားနိုင်ပါသည်။ ဝေဖန်ပိုင်းခြား စဉ်းစား၍ ဖတ်ပါက စာရေးသူ၏ သဘောထားနှင့်ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်းသိမြင်နိုင်ပြီး စာရေးသူ၏ အဆိုပြုချက်ကို လက်ခံသင့်၊ လက်မခံသင့် စဉ်းစားဆုံးဖြတ်နိုင်ပါမည်။

စာဖတ်ရန်နည်းလမ်းအဖြစ် အဓိကအကြောင်းအရာ၊ စာရေးသူ၏အဆိုပြုချက်၊ ကျိုးကြောင်းဆင်ခြင်မှု၊ အထောက်အထားများ၊ အချက်အလက်စာရင်းဇယားများ၊ ဖုံးကွယ်ထားသောအချက်များ၊ နင့်နင့်သီးသီး စကားလုံးများ စသည်တို့ကို ရှာဖွေ၍ဖတ်သောနည်းဖြစ်ပါသည်။

၃.၁။ ဆေးလိပ်သောက်သူများအတွက် ကြားနာကြစို့။

ကမ္ဘာ့နေရာအနှံ့အပြားတွင် စီးကရက်သောက်ခြင်းကို ဆန့်ကျင်သောလှုပ်ရှားမှုများ ပိုမိုများ ပြားလာနေသည်။ အလုပ်ခွင်တွင်ဖြစ်စေ၊ အားလပ်ချိန်များတွင်ဖြစ်စေ၊ ဆေးလိပ်သောက်ခြင်းကို နေရာ အချို့နှင့်ခပ်ဝေးဝေးနေရာများတွင် ခွင့်ပြုထားဆဲဖြစ်သည်။ အချို့နေရာများတွင် ဆေးလိပ်ထုတ်လုပ်သူများ ကို ဆေးလိပ်ကြောင့်ဖြစ်ပေါ်စေသော ရောဂါများအတွက် ဆေးဝါးကုသခကျခံရန် တရားစွဲဆိုကြသည်။ စီးကရက်ထုတ်လုပ်သူများ၏အခွင့်အရေးနှင့်၊ ဆေးလိပ်သောက်သူများ၏ အခွင့်အရေးကို တစ်စုံတစ်ယောက် ကကာကွယ်ပြောဆိုရန် အချိန်တန်ပြီ။ ဤနေရာတွင် ထိုအချက်ကို ကျွန်ုပ်တို့ဆောင်ရွက်မည် ဖြစ်သည်။ ရှင်းပါရစေ။ ဆေးရွက်ကြီးထုတ်လုပ်မှုတွင် လူကောင်းအတော်များများပါဝင်ကြပြီး သူတို့၏ ထုတ်ကုန်ကို လူကောင်းများစွာက နှစ်သက်သုံးဆောင်ကြ၏။ သူတို့၏အခွင့်အရေးများကို လေးစားသင့်သည်။ သူတို့ကို သွားမနှောင့်ယှက်ကြပါနှင့်။

တခါတရံ မီတာ (၂၀၀) ပတ်လည်အကျယ်အဝန်းမျှရှိတဲ့ မိသားစုဆေးရွက်ကြီး စိုက်ခင်းတစ်ခု ကိုစိတ်ကူးကြည့်ပါ။ စိုက်ခင်းရှင်မိသားစုသည် နေ့တိုင်းနေ့တိုင်း စိုက်ခင်းမြောင်းအတိုင်းလိုက်၍ တစ်မြောင်း ချင်းပြုစုပျိုးထောင်ကြသည်။ ဆေးရွက် များအစွမ်းကုန်ကြီးထွားနိုင်ရန် ကလေးများပင်လျှင်ရွက်ဝါများကို ခွေချကြသည်။ ဆေးရွက်များကိုလက်ဖြင့်ခူးပြီး မြည်းတပ်လှည်းပေါ်တွင်အထပ်လိုက်တင် ထို့နောက် ဆေးရွက်များကိုချိတ်ဆွဲပြီး အခြောက်လှမ်းကြသည်။ ဆေးရွက်ဆေးများ ကို မြို့ထဲတွင်လေလံတင်ရောင်းချပြီး သောအခါ ဆေးရွက်တောင်သူမိသားစုသည် လိုအပ်သော အရာများဝယ်ယူသုံးစွဲရန် ဝင်ငွေရရှိကြသည်။ သူတို့၏ လက်ထဲမှငွေကို ယူပစ်ရက်ကြမည်လား။

ဆေးလိပ်သောက်သူကို စိတ်ကူးကြည့်ပါ။ အမျိုးသမီးငယ်တစ်ဦးသည် နံနက်စောစော မိုးမလင်းခင်၌ အလုပ်သွားရန် ရထားကို အမီလိုက်ရ၏။ ရထားဘူတာရောက်ချိန်နှင့် ရုံးတက်ချိန်အကြား ကော်ဖီတစ်ခွက်သောက်ပြီး စီးကရက်တစ်လိပ်ဖွာရန် (၁၅) မိနစ်ခန့်အချိန်ရသည်။ ထိုအလွန်တိုတောင်း သည့်ကာလအတွင်း သူမသည် သူမ၏လောကကို အုပ်စိုးခွင့်ရပြီး ငြိမ်းချမ်းမှုရရှိသည်။ သူမ၏ကျန် အချိန်များသည် အခြားသူ တစ်ဦးဦးပိုင်ဆိုင်မည်။ ယခုအချိန်ကို ကော်ဖီတစ်ခွက်၊ စီးကရက်တစ်လိပ်ဖြင့် သူမတစ်ဦးတည်းပိုင်ဆိုင်သည်။ ထိုပျော်ရွှင်ချမ်းမြေ့မှုကိုလည်း သူမထံမှ သိမ်းယူလိုက်မလား။

ဆေးရွက်ကြီးတောင်သူမိသားစုများ၏ ကောင်းကျိုးကိုပျက်ဆီးစေပြီး၊ အလုပ်ကြိုးစားသော ဤအမျိုးသမီးလိုပုဂ္ဂိုလ်များ၏ ကိုယ်ရေးကိုယ်တာဘဝကို ကျူးကျော်ဝင်ရှုပ်သည့် အစွန်းရောက်သူများ၊ တယူသန်များ၊ နိုင်လိုမင်းထက်ပြုသူများသည် မိမိတို့ကိုယ်ကို ရှက်သင့်ကြ၏။

၄။ ဝေဖန်ပိုင်းခြားစဉ်းစား၍ဆွေးနွေးခြင်း

အကြောင်းအရာတစ်ခုပေါ်တွင် အယူအဆကွဲလွဲသောအခါ ဆွေးနွေးရန်နည်းလမ်းများကို လေ့ကျင့်ရန်အတွက် ဖတ်စာ ၃ ခုရွေးချယ်ထားပါသည်။ 'ကျမရှေ့က ဒယ်အိုး၊ ဒန်အိုးနဲ့ မီး' ကဗျာကို နှစ်ဦးစဉ်းစား/တွဲ/ဖလှယ်နည်းကိုသုံး၍ ဆွေးနွေးကြပါမည်။ 'ခဲဆိပ်ပမာဏ'ဖတ်စာကို ဆွေးနွေးပွဲကွန်ယက်နည်းဖြင့် အဖွဲ့လိုက်ပါဝင်ဆွေးနွေးသောနည်းကို အသုံးပြုပါမည်။ 'ဆင်များနှင့်တောင်သူများ' ဖတ်စာအား တန်ဖိုးမျဉ်းကိုအသုံးပြု၍ ဆွေးနွေးကြပါမည်။ အထက်ပါဆွေးနွေးသောနည်းများသည် အကြောင်းအရာတစ်ခုအပေါ်တွင် မိမိ၏ရပ်တည်ချက်ကိုအရင်ရှာပြီးမှ ကျိုးကြောင်းဆင်ခြင်မှုနှင့် အထောက်အထားများကို တင်ပြဆွေးနွေးခြင်းဖြစ်ပါသည်။ အထက်ပါနည်းလမ်းများနှင့် မတူဘဲ အယူအဆဘက်နှစ်ဘက်အတွက် ကျိုးကြောင်းဆီလျော်သောအထောက်အထားများကို အလျင်ရှာဖွေပြီးမှ မိမိ၏ရပ်တည်ရာဘက်ကို ဆုံး ဖြတ်သောနည်းလမ်းတစ်ခုကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ 'ပညာရှင်များငြင်းခုံဆွေးနွေးခြင်း' နည်းလမ်းဖြစ်ပါသည်။

၄.၁။ ခဲဆိပ်ပမာဏ ဘယ်လောက်လဲ။
(စာရေးသူ **Bucksnort Trout**)

ပတ်ဝန်းကျင်ဆိုင်ရာသိပ္ပံပညာရှင်တွေနဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေဟာ ခဲဟာ လူတွေရဲ့ကိုယ်ခန္ဓာကို ဘယ်လိုအန္တရာယ်ပေးနိုင်လဲဆိုတာ သိတာကြာပါပြီ။ အလယ်ခေတ်က လူထောင်ပေါင်းများစွာဟာ ခဲသုတ် ထားတဲ့ပန်းကန်တွေနဲ့ စားလို့ ဒါမှမဟုတ် ခဲနဲ့လုံးဝ ဒါမှမဟုတ် တစိတ်တဒေသလုပ်ထားတဲ့ရေအိုး ရေပိုက်တို့က ရေသောက်လို့ အမြင်အာရုံဆုံးရှုံးသွားပြီး ဦးနှောက်မမှန်တော့တဲ့အကြောင်း ကျွန်ုပ်တို့အခုသိပါတယ်။ ဒီရာစုနှစ်မှာ တရားမဝင်ထုတ်တဲ့ ဝီစကီတွေဟာ အလယ်ဗဟိုမှာခဲနဲ့လုပ်ထားတဲ့ မော်တော်ကား ရေဒီရေတာတွေကတဆင့် ပေါင်းခံထားလို့ အဲဒီအရက် ကိုသောက်တဲ့လူတွေဟာ မျက်စိကန်းသွားပြီး ဒါထက် ပိုဆိုးတာတွေလည်း ဖြစ်တာကို တွေ့ရပါတယ်။

အမေရိကနိုင်ငံမှာ ၁၉၇၀ ခုနှစ်တွေက မော်တော်ကားဓါတ်ဆီနဲ့အိမ်သုတ်ဆေးတွေကနေ ခဲကိုထုတ်လိုက်ပါတယ်။ တိရိစ္ဆာန်တွေဟာ ခဲနဲ့လုပ်တားတဲ့လေသေနတ်ကျည်ဆံတွေကို မြိုပြီးအဆိပ်တက်တတ်လို့ ခဲနဲ့လုပ်ထားတဲ့ ကျည်ဆံတွေကို တားမြစ်ထားတဲ့ စည်းကမ်းတွေလည်းထုတ်ထားပါတယ်။ ဒီလိုခဲပါတဲ့ကျည်ဆံကိုသုံးတာဟာ မုဆိုးတွေဟာ မိမိတို့အကြိုက်ဆုံး အပျင်းဖြေနည်းလမ်းကို အန္တရယ်မြန်မြန်ပြုနေတာနဲ့ တူပါတယ်။

အရင်ကလူတွေသုံးခဲ့တဲ့ခဲတွေဟာ ဘဲတွေရှိတဲ့ရေကန်တွေအပြင် တခြားနေရာတွေမှာလည်း ရှိနေပါတယ်။ အိမ်သုတ်ဆေးကခဲဟာ နံရံကကွာလို့ ဖြစ်ဖြစ် ဒါမှမဟုတ် နှစ်ပေါင်းများစွာဆေးအထပ်ထပ်သုတ်လို့ ခွာထားတဲ့ အိမ်အောက်ခြေကအစလေးတွေဟာ ကလေးတွေအတွက် အဆိပ်ပါ။ ခဲပမာဏများတဲ့ အိမ်မှာခြောက်နှစ် ဒါမှမဟုတ် ခြောက်နှစ်ထက်ပိုပြီး နေတဲ့ကလေးတွေဟာ ဒီမြင်နိုင်တဲ့အဆိပ်ကြောင့် အိုင်ကျူဉာဏ်ရည်အမှတ် ၁၅ မှတ်လောက် လျော့နိုင်ပါတယ်။

အမေရိကနိုင်ငံမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (အီးပီအေ)က ပတ်ဝန်းကျင်မှာရှိတဲ့ တရားဝင်ခံနိုင်စွမ်းရှိတဲ့ အဆိပ်တွေရဲ့ အဆင့်ကို ကွန်ဂရက်က ခွင့်ပြုဖို့ ကန့်သတ်ချက်တွေ အဆိုပြုပါတယ်။ ခဲဆိပ်အဆင့်များနေတဲ့ နေအိမ်တွေကို ဒေသန္တရကျန်းမာရေးဌာနက အီးပီအေကထုတ်ထားတဲ့ စည်းမျဉ်းဥပဒေတွေသုံးပြီး အသုံးမပြုဖို့ တားမြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဆိပ်ပမာဏဘယ်လောက်က သိပ်များပါသလဲ။

ပတ်ဝန်းကျင်မှာရှိတဲ့ ဘယ်ခဲမဆို ဦးနှောက်ထိခိုက်စေနိုင်ပါတယ်။ ဒါပေမဲ့ ခဲကိုဖယ်ရှားဖို့ရာ ဈေးကြီးပါတယ်။ ဥပမာ၊ ဆေးတွေခွာဖို့၊ အဆောက်အဦတွေရဲ့ အောက်ခြေတွေပတ်လည်က မြေကြီးတွေ တူးဖို့ (ဒါတွေအားလုံးလုပ်ဖို့ အလုပ်သမားတွေကိုယ်တိုင်အတွက် ကာကွယ်မှုတွေ ကြီးကြီးမားမား လုပ်ရပါမယ်။) --ပြီးတော့ အမှိုက်တွေကို ဈေးကြီးပြီး တနေ့တခြားရှားလာတဲ့ အန္တရာယ်ရှိအညစ်အကြေးတွေစွန့်ပစ်တဲ့ အမှိုက်ပုံတွေမှာ စွန့်ပစ်ရပါမယ်။ ခံနိုင်ရည်ရှိ အဆင့် သတ်မှတ်ဖို့ရာ အီးပီအေက လုပ်သင့်တာနဲ့ စီးပွါးရေးအရဖြစ်နိုင်တာ အကြားရွေးရပါမယ်။ မြို့ပြင်တိုက်ခန်းတခုက ခြောက်နှစ်အတွင်းမှာ ကလေးတယောက်ရဲ့ အိုင်ကျူဉာဏ်ရည်အမှတ် ၁၅ မှတ် ကျဆင်းစေနိုင်တဲ့ ခဲကိုဖယ်ဖို့ မိသားစုတစုကို ဒေါ်လာ ငါးသောင်းကုန်နိုင်ပါတယ်။ ဆင်းရဲတဲ့ရပ်ကွက်တွေမှာ မိသားစုတွေဟာ ထောက်ပံ့ကြေးနဲ့ပေးရတဲ့အိမ်လခကို အနိုင်နိုင်ပေးနေရတဲ့နေရာမျိုးမှာ ပြီးတော့ လူမှုဝန်ထမ်းဌာနက ဘတ်ဂျက်ငွေတွေကလည်း အင်မတန်နည်းပါးနေပြီးသားနေရာမျိုးမှာ ဒီ ဒေါ်လာ ငါးသောင်းဟာ တော်တော်လေး ထိခိုက်စေနိုင်ပါတယ်။ ဒါပေမဲ့ ဒီဒေါ်လာ ငါးသောင်းကို သုံးရင်တောင်မှ အန္တရာယ်ဖြစ်နိုင်တဲ့ ခဲတွေဘယ်လောက်ကျန်အုံးမှာလဲ။

၁၉၈၀ ခုနှစ် နောက်ပိုင်းတွေမှာ အီးပီအေက သိပ္ပံပညာရှင်တွေဟာ စိတ်ပျက်အားငယ်စရာကောင်းတဲ့ တွေ့ရှိချက်တွေ တွေ့ခဲ့ကြပါတယ်။ နယူးယောက်မြို့က တိုက်ခန်းအဆောက်အဦတခုက ခဲပါတဲ့လက်ကျန်ဆေး တွေကို အတွင်းရော အပြင်ရောက ဖယ်ပြီးတာတောင်မှ အဲဒီမှာအနည်းဆုံး ခြောက်နှစ်ကြာ နေတဲ့ကလေးတွေကို အိုင်ကျူဉာဏ်ရည်အမှတ် ၅ မှတ်အထိကဆင်းစေနိုင်တဲ့ဦးနှောက်ထိခိုက်မှုနဲ့ တခြားဆက်နွယ်နေတဲ့ ပြဿနာတွေဖြစ်စေနိုင်သေးတဲ့ ခဲတွေ တိုက်ခန်းတွေထဲမှာ ရှိနေသေးပါတယ်။ ဖြစ်ပုံက ခဲပါတဲ့ ကားငွေ့အညစ်အကြေးတွေဟာ ထရပ်ကားတွေနဲ့ မော်တော်ကားတွေကနေလည်း ထွက်ခဲ့ပြီး ခဲဟာ ဒီအဆောက်အဦတွေရဲ့ အုတ်တွေထဲ နှစ်ပေါင်း ၇၀ ကျော်အောင် စိမ့်ဝင်နေခဲ့ပါတယ်။

တကယ်လို့ အီးပီအေရဲ့ ခံနိုင်မှုအဆင့်ကို ဒီ အနည်းဆုံး အိုင်ကျူအမှတ် ငါးမှတ်အောက် ချလိုက်ရင် ထောင်ပေါင်းရာပေါင်းများစွာ၊ သန်းပေါင်းများစွာဖြစ်ချင်ဖြစ်မယ်၊ လူတွေကို မြို့က အဓိကနေရာတွေကနေ ဖယ်ရှားရပါမယ်။ တကယ်လုံခြုံဖို့ရာက ဒီအဆောက်အဦတွေကို ဖြိုရမှာဖြစ်ပြီး အမှိုက်တွေကို ပတ်ဝန်းကျင်အတွက် လုံခြုံတဲ့ မြှုပ်နှံ တဲ့နေရာတွေကို သယ်ပို့ရမှာပါ။ နေရာတွေကလည်းအများကြီး။ ကမ္ဘာ့မြို့တော်ကြီးတွေ အတော်များများ ထက် ပိုကြီးမယ်။ ဒီပြဿနာရဲ့ဒဏ် အကြီးအကျယ်ခံရဆုံးလူတွေဟာလည်း အဆင်းရဲဆုံးလူတွေဖြစ်ပါမယ်။ ဘာလို့လဲ ဆိုတော့ သူတို့အိမ်တွေဟာ အသွားအလာများတဲ့ ကားလမ်းတွေနားမှာ များသောအားဖြင့် အနီးဆုံး ဖြစ်တတ်လို့ပါ။

ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နဲ့ပါတ်သက်တဲ့ သိပ္ပံပညာရှင်တွေ၊ စီပွါးရေးပညာရှင်တွေ၊ အင်ဂျင်နီယာတွေနဲ့ နိုင်ငံရေးသမားတွေဟာ ဘယ်လိုကန့်သတ်ရမလဲဆိုတာ ဆုံးဖြတ်ရပါလိမ့်မယ်။ ခဲဆိပ်ဘယ်လောက်ဟာ များလွန်းပါသလဲ။ အကန့်အသတ်ဘယ်လောက်ထားရပါမလဲ။

၄.၂။ ဆင်များနှင့်တောင်သူများ

အာဖရိကနိုင်ငံများစွာတွင် ဆင်ကောင်ရေဆက်လက်လျော့နည်းလျက်ရှိသည်။ အခြားအာဖရိကတိုင်း ပြည်များတွင် မှုထိန်းသိမ်းစောင့်ရှောက်ရေးကို ရေရှည်လုပ်ဆောင်လာကြသောကြောင့် သမိုင်းတလျှောက်တွင် ယခင် ထက်ဆင်ပေါများလာသည်အထိ အောင်မြင်နေသည်။

သဘာဝတောရိုင်းတိရစ္ဆာန်ပါရဂူများက ဤအချက်ကို အောင်ပွဲဟုခေါ်ဆိုကြသည်။ သို့သော် ဆင်းရဲရုန်းကန် နေရသောအာဖရိကတောင်သူတစ်ဦးအနေဖြင့် သူမ၏မသေချာမရေရာသည့် ဘဝရှင်သန်မှုအတွက် သဘာဝလောက၏ခြိမ်းခြောက်ခြင်းနမူနာတစ်မျိုးဖြစ်နေသည်။ ဆင်များက ကောက်ပဲသီးနှံများကိုရှားပါးအောင် အငမ်းမရရှာဖွေ စားသောက်လာပြီး ဆင်ကောင်ရေတိုးပွားလာခြင်းသည် စိုက်ခင်းအားလုံးကို နာရီအနည်းငယ်အတွင်း ဖျက်ဆီးပစ်နိုင်သည်။ မျိုးစေ့နှင့်ဓါတ်မြေသြဇာဈေးနှုန်းမြင့်တက်လာခြင်း၊ ကမ္ဘာတစ်ဝှမ်းဖြန့်ကျက်မှု (globalization)၏ အကျိုးသက်ရောက်ခြင်း စသည်တို့၏ခြိမ်းခြောက်မှုကိုခံနေကြရသော စိုက်ခင်းကြီးများ၏အမြတ်အစွန်းသည်လည်း ကျဆင်းလျက်ရှိနေကြသည်။ တစ်နိုင်စိုက်ပျိုးရေး သမားတောင်သူနှင့် သူ၏မိသားစုအတွက် ဆင်အုပ်စုတစ်စု၏ ရုတ်တရက်ဝင်ရောက် ကျူးကျော်မှုသည် တစ်ရာသီစိုက်ပျိုးသီးနှံများနှင့် အိုးအိမ်များပျက်စီးခြင်းကိုဖြစ်စေနိုင်ပြီး ဆင်းရဲနွမ်းပါး ရပ်တည်ရာ အခြေမဲ့ဘဝသို့ ရောက်စေနိုင်သည်။

ဤအကြောင်းများကြောင့် တောင်သူများစွာတို့က ဆင်ပစ်ခွင့်နှင့် ဆင်သား၊ ဆင်သားရေ၊ ဆင်စွယ် စသည် တို့ကို ရောင်းဝယ်ခွင့်ပြန်ဖွင့်ပေးရန် တောင်းဆိုလာကြသည်။ ဆင်စွယ်တစ်ချောင်း၏တန်ဖိုးငွေသည် ဆင်းရဲနွမ်းပါးသောတောင်သူတစ်ဦးအတွက် နှစ်ပေါင်းများစွာလုပ်စာဝင်ငွေနှင့်ညီမျှနိုင်သည်။ ဆင်းရဲသောတောင်သူများ၏ စားဝတ်နေရေး အခက်အခဲက ဆင်များ၏အသက်ရှင်ရေးထက် ပိုမိုခဲယဥ်းသောဒေသမျိုးတွင် ဤအကြောင်းပြချက်သည် လက်ခံနိုင်ဖွယ်ရှိသောအဆိုတစ်ရပ်ဖြစ်နေသည်။ ထို့ပြင် တရားဝင်ရောင်းဝယ်ခွင့် ဥပဒေပြဌာန်းခြင်းဖြင့် ဆင်စွယ်မှောင်ခိုသမားများ၏ကြမ်းတမ်းသောအမူအကျင့်ကိုထိန်းချုပ်ရန် အသုံးပြုလေ့ရှိသောစစ်ဆင်ရေးအရ ရဲဝန်ထမ်းများခန့်ထားရသောကုန်ကျစရိတ်ကို လျှော့ချနိုင်သည်။

သို့သော် သဘာဝပတ်ဝန်းကျင်ထိန်သိမ်းရေးဝါဒီများစွာတို့က ဤအဆိုကိုထိတ်လန့်တကြား တုံ့ပြန်ခဲ့ကြ သည်။ ဆင်ပစ်ခွင့်တရားဝင်ဥပဒေကို အကန့်အသတ်ဖြင့် ထုတ်ပြန်သည့်တိုင်အောင် လူတိုင်း လွတ်လပ်စွာကျင့်သုံး လာကြပြီး ဆင်မျိုးပြုန်းအောင်တွန်းပို့နိုင်ကြောင်း ထိုပုဂ္ဂိုလ်များကန့်ကွက်ကြသည်။ ဆင်စွယ်ကုန်ကူးခြင်းနှင့် ဆက်နွယ်နေသော အကျင့်ပျက်ခြစားမှုနှင့်ခေါင်းပုံဖြတ်မှု ပြန်ပေါ်ပေါက်လာနိုင်သည်။ လူများစွာအနေဖြင့်လည်း ဆင်ကို သတ်ဖြတ်ခြင်းသည် ဝေလငါးကိုသတ်ဖြတ်ရသကဲ့သို့သော စက်ဆုတ်ရွံရှာဖွယ်ကောင်းသည့်အလုပ်ကို ကြီးကျယ် မြင့်မြတ်ပြီး ဥာဏ်ရည်ထက်မြတ်သည့်အလုပ်ဟုယူဆလာနိုင်သည်။ ။

၄.၃။ ပညာရှင်များငြင်းခုံဆွေးနွေးခြင်း **(Academic Controversy)**

ကျောင်းသားများအား အကြောင်းကိစ္စတစ်ရပ်၏ အမြင်တစ်ဖက်စီမှ အချေအတင်ပြောဆိုကြရန် ဦးတည်သော စုပေါင်းသင်ယူမှု လုပ်ဆောင်ချက်တစ်မျိုးဖြစ်သည်။

ကျိုးကြောင်းဆင်ခြင်မှု – ရပ်တည်မှုတစ်ခုတွင်နေရာယူပြီး ထိုရပ်တည်မှုဘက်မှအကျိုးအကြောင်း အထောက် အထားများဖြင့် ကာကွယ်ပြောဆိုခြင်းသည် ဒီမိုကရေစီလူ့အသိုင်းအဝိုင်း၏ မရှိမဖြစ် လိုအပ် သော ကျွမ်းကျင်မှု တစ်မျိုးဖြစ်၏။ မိမိ၏ခံယူချက်သဘောထားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသောအဆိုများကို လက်ခံစဉ်းစားရန်သင်ယူ ခြင်းသည် ပြဿနာတစ်ရပ်ကို ခိုင်ခိုင်မာမာစဉ်းစားရန်နှင့် အချက်အလက်ပြည့်ပြည့်စုံစုံ ဆုံးဖြတ်ချက်ချနိုင်ရန် အရေးကြီးသောခြေလှမ်းတစ်ခုဖြစ်သည်။ ပညာရှင်များငြင်းခုံဆွေးနွေးခြင်း အချေအတင်နည်းသည် ကျောင်းသား များက ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကျွမ်းကျင်မှုကိုလေ့လာစဉ်တွင် ကျောင်းသားများ၏ ထောက်ပံ့မှုကို ရရှိစေသော နည်းဖြစ်သည်။

အဖွဲ့အရွယ်အစား – အဖွဲ့ဝင်(၄)ဦးပါသော မူလအဖွဲ့ဖြင့် ကျောင်းသားများ၌နည်းကို လေ့ကျင့် လျှင်အကောင်း ဆုံးဖြစ်သည်။ အကယ်၍လိုအပ်လျှင်အဖွဲ့ဝင်(၅)ဦးဖြင့်လည်း လေ့ကျင့်နိုင်သည်။ စာသင်ခန်းအတွင်း (၄)ယောက် တစ်ဖွဲ့စီဖြင့် အဖွဲ့အရေအတွက်မည်မျှဖြစ်စေရှိနိုင်သည်။

လိုအပ်သောပစ္စည်းများ – ဤနည်းသည် ပစ္စည်းတစ်စုံတစ်ခုမျှမလိုအပ်ပါ။ သို့သော် ကျောင်းသားတိုင်းသည် သူတို့၏အကြံဉာဏ်များကို ရေးမှတ်ရန် စာရွက်နှင့်ခဲတံတစ်ချောင်းစီရှိလျှင် အထောက်အကူ ရပါမည်။

လိုအပ်သောအချိန် – ဤလုပ်ဆောင်ချက်ကို မိနစ် (၂၀) အတွင်းလေ့ကျင့်နိုင်သည်။

လက်တွေ့လုပ်ဆောင်ချက်

အဆင့် (၁) – ဆရာက ကျောင်းသားများအား လေးယောက်တစ်ဖွဲ့ ဖွဲ့ခိုင်းပါ။ ဆရာက ကျောင်းသား များကို ဆွေးနွေးရန်မေးခွန်းတစ်ပုဒ်ပေးထားပါ။ ထိုမေးခွန်းတွင် “ဟုတ်”၊ “မဟုတ်” အဖြေမျိုးရှိရမည်ကို သတိပြုပါ။

အဆင့်(၂) – မေးခွန်း၏ဆိုလိုရင်းကို ကျောင်းသားများတစ်သဘောတည်း နားလည်သဘောပေါက်ပြီး၊ အဘယ် ကြောင့် ထိုသို့နားလည်သဘောပေါက်ရန်အရေးကြီးကြောင်းသိရှိရန် ဆရာကကျောင်းသားများအား လေးယောက် တစ်ဖွဲ့ အဖွဲ့များတွင်ဆွေးနွေးခိုင်းပါ။

အဆင့်(၃) – ထို့နောက်ဆရာက ကျောင်းသားများအား အဖွဲ့တွင် ၁၊ ၂၊ ၃၊ ၄ နံပါတ်ရွတ်ဆိုခိုင်းပါ။ နံပါတ်(၁) နှင့် နံပါတ်(၂) ကျသောကျောင်းသားများအား “ဟုတ်” အဆိုဘက် အတွက်ပြင်ဆင်ခိုင်းပါ။ နံပါတ်(၃) နှင့် နံပါတ်(၄) ကျသောကျောင်းသားများအား “မဟုတ် ဒို့သဘောမတူဘူး” ဟူသည့် အချေဘက်ရှုထောင့်အမြင်များကို ပြင်ဆင် ထားခိုင်းပါ။

အဆင့်(၄) – ဆရာက အဖွဲ့တိုင်းမှ အတွဲ (၂) တွဲစလုံးအား သူတို့၏ရပ်တည်ချက်အတွက် အကြောင်းပြ ချက်များကို စာရင်းပြုစုရန်အတွက် အခြားနေရာသို့သွား၍ (၅)မိနစ်ခန့် ပြင်ဆင်ခိုင်းပါ။

အဆင့်(၅) – ဆရာက နောက်ငါးမိနစ်စေ့လျှင် အချိန်ကိုသတိပေးပါ။ နံပါတ်(၁) (သို့မဟုတ်) နံပါတ်(၂) ရသော ကျောင်းသားတစ်ဦးစီတိုင်းသည် နံပါတ်(၁)နှင့် နံပါတ်(၂)ကျသော အခြားကျောင်းသားတစ်ဦးဦးကို သွားရှာရန် ဆရာကပြောပါ။ နံပါတ်(၃)နှင့် နံပါတ်(၄) ကျသောကျောင်းသားများလည်း အခြားသောနံပါတ်(၃)နှင့် နံပါတ် (၄) ကျောင်းသားအဖော်တစ်ဦးကို အသီးသီးရှာရန်ပြောပါ။ သုံးမိနစ်အတွင်း မိမိတို့အဖော်၏အကြောင်းပြချက်များကို ကြားနာပြီး ယခင်ကမတွေးမိသောအကြောင်းအရာသစ်ကို ရေးချကြရန်ပြောပါ။

အဆင့်(၆) – ဆရာက အချိန်ပြန်၍သတိပေးပါ။ ယခုဆရာက ကျောင်းသားများအား သူတို့၏ မူလနှစ်ယောက် အတွဲထံသို့ပြန်သွားခိုင်းပြီး အကြံဉာဏ်များစုစည်းကြပါစေ။ အတွဲတိုင်းသည် မိမိတို့၏ရပ်တည်ချက်ကို ထောက်ခံအထောက်အကူပြုမည့်အကောင်းဆုံးအကြောင်းပြချက်များကိုစဉ်းစားပြီး (၄)ယောက်အဖွဲ့မှ အခြားဆန့်ကျင်ဘက်အဆိုများနှင့် စကားရည်လုရန် ပြင်ဆင်ကြရမည်။ စကားရည်လုရန်အတွက် မိမိတို့အဆိုကို ဝါကျတစ်ကြောင်းရေးဖွဲ့ပြီး မိမိတို့ ရပ်တည်ချက်ကို အထောက်အကူပြုသော အကြောင်းရင်းနှစ်ချက် (သို့မဟုတ်) သုံးချက် ရေးချထားသင့်သည်။

အဆင့်(၇) – နောက်ထပ် ငါးမိနစ်လွန်သော် ဆရာက ကျောင်းသားအတွဲများကို သူတို့အဖွဲ့မှအခြားကျောင်းသားတွဲများနှင့်ပူးပေါင်းပြီး စကားရည်လုပွဲတွင်ပါဝင်ပြောဆိုကြစေ။ စကားရည်လုပွဲအတွက် တစ်သင်းက မိမိတို့၏ရပ်တည်ချက်ကို ခိုင်လုံသောအထောက်အထားအကြောင်းအရင်းများဖြင့် သက်သေပြပြောဆိုပြီး အခြားဆန့်ကျင်ဘက်အဆိုအသင်းကလည်း ထိုနည်းအတိုင်းမိမိတို့အဆိုဘက်မှ ရပ်တည်ပြောဆိုကြမည်။ ထို့နောက် အခြားတဖက်အသင်း၏ အဆိုနှင့်ကောက်ချက်များကို ငြင်းဆိုဆွေးနွေးကြမည်။

အဆင့်(၈) – ဆရာက စကားရည်လုပွဲကို အချိန်(၆) မိနစ် (သို့မဟုတ်) (၇)မိနစ် ဆက်လက်ပြောဆိုခွင့်ပြုပါ။ ထို့နောက် ကျောင်းသားများသည် မိမိကိုတာဝန်ပေးထားသောဘက်ကို စွန့်လွှတ်နိုင်ပြီး မိမိအမှန်တကယ်ယုံကြည်သောဘက်သို့ ပြောင်းနိုင်ကြောင်း ဆရာကပြောပြပါ။ ကျောင်းသားများအဖွဲ့အားလုံး အများသဘောတူ သည့်အချက်တစ်ချက်ရရှိနိုင်မည်လားဟုမေးပါ။ ဆိုလိုသည်မှာ လူတိုင်းသဘောတူနိုင်သည့် ရပ်တည်ချက်အနေအထားတစ်ခုနှင့် အဆိုပါရပ် တည်ချက်ကို ထောက်ခံသောအကြောင်းရင်းများ ဟုဆိုလိုသည်။

အဆင့်(၉) – ဆရာက အဖွဲ့တိုင်းမှလူတစ်ဦးစီကိုဖိတ်ခေါ်ပြီး စကားရည်လုပွဲတွင် မိမိတို့အဖွဲ့၏နိဂုံးချုပ်ချက်ကို ဖေါ်ပြခိုင်းပါ။

၅။ ဝေဖန်ပိုင်းခြားစဉ်းစား၍မေးခွန်းမေးခြင်း

RWCT သင်တန်းများတွင်အသုံးပြုသည့် မေးခွန်းမေးမြန်းခြင်း အဆင့် ၆ ဆင့်ကို 'ဝေဖန်ပိုင်းခြားစဉ်းစားခြင်း' ဆွေးနွေးပွဲတွင် ပြန်လည်အသုံးပြုပါမည်။ ဤအဆင့် ၆ ဆင့်သည် ပါမောက္ခဘလွန်း၏ အဆင့်များ (Bloom's Taxonomy) ကို မှီငြမ်းထားပါသည်။ အဆိုပါအဆင့်များမှာ အချက်အလက်ကို မေးမြန်းခြင်း၊ နားလည်သဘောပေါက်မှုကိုမေးမြန်းခြင်း၊ အသုံးချနိုင်မှုကိုမေးမြန်းခြင်း၊ အသေးစိတ်ကို မေးမြန်းခြင်း၊ အဆက်အစပ်ကိုမေးမြန်းခြင်းနှင့် တန်ဖိုးကိုမေးမြန်းခြင်းတို့ဖြစ်ပါသည်။ ဝေဖန်ပိုင်းခြားစဉ်းစားရေးအတွက် အဆင့်မြင့်မေးခွန်းများကို လေ့ကျင့်ကြပါမည်။ 'စွန့်စားသူမာကိုပိုလို' ဖတ်စာကို ရွေးချယ်ထားပါသည်။

၅.၁။ စွန့်စားသူ မာကိုလိုလို

၁၂၉၈ ခုနှစ်မှာ မာကိုပိုလိုလို့ခေါ်တဲ့ ဗင်းနစ်မြို့သားတယောက်ဟာ သူရောက်သွားခဲ့တဲ့အရှေ့တိုင်းက ခရီးစဉ်တွေ အကြောင်း စိတ်ဝင်စားစရာသိပ်ကောင်းတဲ့ စာအုပ်တအုပ်ရေးခဲ့ပါတယ်။ လူတွေဟာ သူပြောပြတဲ့အရှေ့တိုင်းက ကြွယ်ဝချမ်းသာမှုတွေ အကြောင်းဖတ်ပြီး တရုတ်၊ ဂျပန်နဲ့ အိန္ဒိယနိုင်ငံသွား ပင်လယ်လမ်းကြောင်းတွေ ရှာလိုစိတ် ပြင်းပြလာခဲ့ကြပါတယ်။ နှစ်၂၀၀ အ ကြာမှာ ကိုလံဘတ်တောင်မှ သူရဲ့ The Book of Ser Marco Polo ဆိုတဲ့စာအုပ်ကို မကြာခဏဖတ်ခဲ့ရပါတယ်။

မာကိုရဲ့ ခေတ်တုန်းက ဒီစာအုပ်ကို ဘာသာစကားအမျိုးမျိုးကို ဘာသာပြန်ခဲ့ပြီး လက်နဲ့ကူးယူခဲ့ကြပါတယ်။ ၁၄၄၀ ခုနှစ်တွေမှာ ပုံနှိပ်လုပ်ငန်းပေါ်လာပြီးနောက် ဒီစာအုပ်ကို ပိုကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခဲ့ပါတယ်။ တချို့ကတော့ ဒီစာအုပ်ကို ပုံပြင်စာအုပ် ဒါ မှမဟုတ် အကြီးအကျယ်ပုံကြီးချဲ့ထားတယ်လို့ ထင်ခဲ့ကြပါတယ်။ ပညာတက်သူတချို့က တော့ မာကိုဟာ တကယ့်အဖြစ်မှန်ရေး ထားတယ်လို့ယူဆကြပြီး ဝေးလံတဲ့ဒေသတွေနဲ့ အမည်မသိလူမျိုးတွေဆီကို မာကိုရဲ့ဇာတ်လမ်းတွေကိုဖြန့်ခဲ့ကြပါတယ်။ ဒီနေ့ ပထဝီပညာရှင်တွေက မာကိုရဲ့စာအုပ်ဟာ အံ့သြစရာကောင်း လောက်အောင် တိကျတယ်လို့ ဆိုတာ သဘောတူကြပါတယ်။

မာကိုပိုလိုကို ၁၂၅၄ခုနှစ်မှာ ဗင်းနစ်မြို့နိုင်ငံမှာမွေးခဲ့ပါတယ်။ သူ့အဖေနဲ့ဦးလေးတွေက ကုန်သွယ်ဖို့နိုင်ငံရပ်ခြား ခရီးသွားပါတယ်။ ၁၂၆၉ ခုနှစ်မှာမာကိုရဲ့အဖေနီကိုလိုနဲ့ သူ့ဦးလေးမာဖီယိုတို့ဟာ နှစ်ပေါင်းများစွာခရီးသွားနေရာမှ ဗင်းနစ်ကို ပြန်လာခဲ့ပါတယ်။ ကုန်သွယ်ရေး ခရီးတခုမှာ ကသေး(တရုတ်နိုင်ငံ)အထိ ကုန်းလမ်းခရီးနဲ့သွားခဲ့ပါတယ်။ တရုတ်ပြည်က မွန်ဂိုဘုရင်ကူဘလိုင်ခန်က သူတို့ကို သူ့လူမျိုးတွေအတွက် ဆရာတွေ၊ သာသနာပြုတွေနဲ့ပြန် လာဖို့မှာပါတယ်။ ဒါကြောင့် သူတို့ဟာ ၁၂၇၁ ခုနှစ်မှာခရီး တခေါက် ထပ်ထွက်ပြီး ဒီတခါမှာတော့ မာကို ကိုပါ ခေါ်သွားပါတယ်။

ပိုလိုတို့ဟာဗင်းနစ်ကနေ ပါလက်စတိုင်းမှာရှိတဲ့အခရာမြို့အထိ သင်္ဘောနဲ့သွားခဲ့ပါတယ်။ အဲဒီမှာ တရုတ်ပြည်သာသနာပြု သွားမယ့်ဘုန်းကြီး ၂ ပါးက သူတို့နဲ့အတူတူလိုက်လာပါတယ်။ ဒါပေမဲ့ လာမယ့်ခရီးကြမ်းကိုလန့်ပြီး မကြာခင်မှာပဲ ဘုန်းကြီး တွေက လှည့်ပြန်သွားပါတယ်။ ပိုလိုတို့ဟာ ပါးရှား(အီရန်) နဲ့အာဖဂန်နစ္စတန်တို့က သဲကန္တာရတွေကို ဖြတ်ကျော်ခဲ့ပါတယ်။ ကမ္ဘာ့ခေါင်မိုးလို့ခေါ်တဲ့ ပါမီယားတောင်တွေကိုတက်ခဲ့ပြီး ကရှ်ဂါး(ရှုဖူး)နဲ့ ယာကန်(စိုချီ)စတဲ့ ကုန်သွယ်ရေးမြို့တွေကိုဆင်းခဲ့ပါ တယ်။ ခြောက်သွေ့နေတဲ့ ဂိုဘီကန္တာရကိုဖြတ်ခဲ့ပါတယ်။ ၁၂၇၅ ခုနှစ်အစောပိုင်းမှာ သူတို့ဟာ ကမ်ဗာလု(ပီကင်း)မှာရှိတဲ့ ကူဘလိုင်ခန်ရဲ့နန်းတော်ကို ရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မာကိုဟာ ၂၁ နှစ်ရှိပါပြီ။

မဟာခန်ရဲ့ နန်းတော်မှာ

မကြာခင်မှာဘဲ မာကိုဟာ ကူဘလိုင်ခန်ရဲ့ အချစ်တော်လက်စွဲဖြစ်ခဲ့ပါတယ်။ သုံးနှစ်လောက်သူဟာ လူဦးရေ ၂ သိန်း ၅ သောင်း ရှိတဲ့ လူများတဲ့ရန်ချောင်မြို့ ကို အုပ်စိုးခဲ့ရပါတယ်။ သူဟာ အဲဒီအင်ပါရာထဲက အင်ဒိုချိုင်းနား၊ တိဗက်၊ ယူနန် နဲ့ ဗမာပြည်စတဲ့ ဝေးလံတဲ့ နေရာတွေကို အလုပ်တာဝန်နဲ့ ပို့ခံရပါတယ်။ ဒီနေရာတွေကလူတွေနဲ့ သူတို့ဘဝ အကြောင်း ဇာတ်လမ်းတွေကို မာကိုပိုလိုပြန်ယူလာပါတယ်။

ကသေးမှာပိုလိုတို့ ဟာ ချမ်းသာလာပါတယ်။ ဒါပေမယ့် ခန်သေသွားရင် နန်းတော်က မနာလိုတဲ့လူတွေက သူတို့ကို ဖျတ်မှာကို သူတို့ စကြောက်လာပါတယ်။ သူတို့ ကို ဗင်းနစ်ပြန်ခွင့်ပေးဖို့ တောင်းတယ်။ ကူဘလိုင်ခန်က ငြင်းဆို တယ်။ ပြီးတော့ ပါးရှားက ခန်ရဲ့ အထူးသံတမန် ရောက်လာတယ်။ သူက ကူဘလိုင်ခန်ဆီက မွန်ဂိုမင်းသမီး တယောက်ကို သတိုးသမီးအနေနဲ့ တောင်းတယ်။ ပိုလိုတို့က ဒီမင်းသမီးရဲ့ခရီးကို အတွေ့အကြုံနဲ့ရာထူးရှိတဲ့လူ တွေက စောင့်ရှောက်သင့်တယ်လို့ဆိုပါတယ်။ ပြီးတော့ ဒီတာဝန်ဟာ သူတို့ ရဲ့ အချိန်ကြာမြင့် စွာသွားချင်နေ တဲ့ဗင်းနစ်အလည်အပတ်ခရီးကိုလည်း ဖြစ်စေမယ်လို့ ဆို ပါတယ်။ ခန်က ဝန်လေးစွာပဲ သဘောတူလိုက်ပါတယ်။

ကုန်းလမ်းကုန်သွယ်ရေးလမ်းကြောင်းတွေမှာ ဓါးပြတွေနဲ့ ခန်ရဲ့ ရန်သူ တွေရဲ့ အန္တရာယ်ရှိလို့ ရေ ကြောင်းခရီးနဲ့ သွားဖို့ သင်္ဘောတွေ အများကြီးဆောက်ပါတယ်။ ၁၂၉၂ ခုနှစ်မှာ ပိုလိုတွေရယ်၊ ဒီမင်းသမီး ရယ်နဲ့ ကသေးကမူးမတ် ၆၀၀ တို့ဟာ ဒီသင်္ဘောတွေနဲ့ ခရီးထွက်ခဲ့ကြပါတယ်။ သူတို့ဟာ အင်ဒိုချိုင်းနားနဲ့ မလေးကျွန်း ဆွယ်ကနေ စူမာထရာ တလျှောက် တောင်ဘက် ခရီးထွက်ခဲ့ကြပါတယ်။ ဒီမှာ လပေါင်းများစွာ ခရီးဖင့်ခဲ့ပါတယ်။ ပြီးတော့ သင်္ဘောတွေဟာ အနောက်ဘက်လှည့်ပြီး သီရိလင်္ကာနဲ့ အိန္ဒိယတို့ကို အလည်သွားခဲ့ပါတယ်။ သူတို့ဟာ အရှေ့အာဖရိက ကမ်းခြေကို လည်း ရောက်ခဲ့ပါတယ်။ ခရီးဟာ အန္တရာယ်များပြီး ပါးရှားအရောက်မှာ မူးမတ်၆၀၀ထဲက ၁၈ယောက်သာ ကျန်ပါ တော့တယ်။ ပိုလိုတို့နဲ့ မင်းသမီးကတော့ အန္တရာယ်ကင်းခဲ့ပါတယ်။

ပိုလိုတို့ဟာ ဗင်းနစ်ကိုရောက်ချိန်မှာတော့ သူတို့ ဟာ ဒီနေရာကနေထွက်ခဲ့တာ ၂၄ နှစ်ရှိခဲ့ပါပြီ။ ကသေး ကနေ သူတို့ဝယ်လာတဲ့ အဖိုးတန်ကျောက်တွေဟာ ဗင်းနစ် တခုလုံးကို အံ့သြ စေပါတယ်။ နောက်မှာ မာကိုဟာ သင်္ဘောတစင်း ရဲ့ ကပ္ပတိန်အဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ အဲဒီသင်္ဘောဟာ အပြိုင် ကုန်သွယ်နေတဲ့ ဂျီနိုဝါမြို့က အင်အားစုတွေရဲ့ အဖမ်းခံလိုက်ရပြီး ဂျီနိုဝါလူမျိုး တွေရဲ့ထောင်မှာ အကျဉ်းချခံလိုက်ရပါတယ်။ အဲဒီမှာ နောက် အကျဉ်းသားတယောက်ရဲ့ အကူအညီနဲ့ သူ့စာအုပ် ကိုရေးပါတယ်။ ၁၂၉၉ ခုနှစ်မှာ မာကိုကို ဂျီနိုဝါလူမျိုးတွေက လွှတ်လိုက်ပါတယ်။ သူဟာဗင်းနစ်ကိုပြန်ပြီး ကူးသန်း ရောင်းဝယ်ပါတယ်။ သူ့ခေတ်က တရားရုံးမှတ်တမ်းတွေမှာ ပိုင်ဆိုင်မှုနဲ့ ငွေကြေးတို့နဲ့ ပါတ်သက်တဲ့ တရားစွဲဆိုမှု အများအပြားမှာ သူ့နာမည်ပါပါတယ်။ သူဟာအိမ်ထောင်ပြုပြီး သမီးသုံးယောက် ရပါတယ်။ ၁၃၂၃ ခုနှစ်လောက်မှာ သူ ကွယ်လွန်ပါတယ်။

၆။ ဝေဖန်ပိုင်းခြားစဉ်းစား၍နားထောင်ခြင်း

စာဖတ်ခြင်းနှင့် နားထောင်ခြင်းတို့တွင် မတူညီချက်များရှိပါသည်။ ဖတ်စာကို လိုအပ်ပါက အကြိမ်ကြိမ် ပြန်ဖတ်နိုင်ပါသည်။ ဟောပြောပို့ချချက်နှင့် ရေဒီယိုနားထောင်ခြင်းတွင် တစ်ကြိမ်သာ အခွင့်အရေးရပါမည်။ တစ်ကြိမ်နားထောင်ရုံမျှဖြင့် ဟောပြောသူ၏တင်ပြသောအဓိကအကြောင်းအရာ၊ ဟောပြောသူ၏သဘောထား ရပ်တည်ချက်နှင့် ဟောပြောသူ၏ရည်ရွယ်ချက်တို့ကို သိရှိနိုင်ရန်အတွက် နည်းလမ်းတစ်ခုကိုလေ့ကျင့်ရန် 'ကျိုတိုပရိုတိုကော' ဖတ်စာကိုရွေးချယ်ထားပါသည်။ ကမ္ဘာကြီးပူနွေးလာ မှုအပေါ် စက်မှုနိုင်ငံများမှ ဓါတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချရန် အဆိုအပေါ် ဘက်တစ်ခုမှရပ်တည် ပြောဆိုထားသော ဖတ်စာဖြစ်ပါသည်။

၆.၁။ ကျိုတိုသဘောတူညီချက်

ကမ္ဘာ့လေထုကို အပူချိန်မြင့်တက်စေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုအားလျှော့ချရန်
ချုပ်ဆိုထားသည့်ကျိုတိုသဘောတူညီချက်ကို ဆန့်ကျင်ပြောဆိုသည့်
ပြန်လည်ပြင်ဆင်ထားသော ဟောပြောပို့ချမှု

ကျိုတိုသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့်နိုင်ငံများသည် ကမ္ဘာ့လေထုကိုအပူချိန်မြင့်တက်စေ သည့် ဓါတ်ငွေ့ထုတ်လွှတ်မှု (greenhouse gas emission)ကို မဖြစ်မနေလိုက်နာကြရန် လက်ခံထားကြသည်။ ဤသတ်မှတ်ထားသည့်အတိုင်းအတာသည် နိုင်ငံအသီးသီး၏ ၁၉၉၀–ခုနှစ်သတ်မှတ်ချက်အရ အနှုတ် ၈% မှ အပေါင်း ၁၀% အတွင်းရှိသည်။ ဤနှုန်းထားသည် ၂၀၀၈ မှ ၂၀၁၂ အတွင်း ၁၉၉၀ ခုနှစ်သတ်မှတ်ချက်များထက် ၅% လျော့ကျလိမ့်မည်။ တောင်းဆိုထားသောလျော့ချနှုန်းမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဥရောပနိုင်ငံအများစုတွင် ၈% ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ၇% ဖြစ်ပြီး ကနေဒါတွင် ၆% ဖြစ်သည်။ နယူးဇီလန်၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့တွင် ဓါတ်ငွေ့ထုတ်လွှတ်မှုကိုတည်ငြိမ်အောင်ထိန်းသိမ်းကြမည်။ နော်ဝေးကဲ့သို့သောနိုင်ငံများသည် ဓါတ်ငွေ့ထုတ်လုပ်မှု ၁% တိုးလာနိုင်စရာရှိသည်။

နိုင်ငံများသည် လေထုထဲမှကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ကို စုပ်ယူသည့်သစ်တောများအားတိုးချဲ့ခြင်းဖြင့် သတ်မှတ်ချက်ကိုရောက်အောင်ဆောင်ရွက်နိုင်သည်။ ဤသို့သစ်တောများတိုးချဲ့ခြင်းကို မိမိတို့နိုင်ငံများတွင်ပြုလုပ် နိုင်သည်။ (သို့မဟုတ်) အခြားနိုင်ငံများနည်းတူ အကျိုးဖြစ်စေသည့်စီမံကိန်းများကို ငွေပေး၍ဆောင်ရွက်နိုင်သည်။

သဘောတူစာချုပ်သည် နိုင်ငံပေါင်း(၅၅)နိုင်ငံကသဘောတူလျှင် အတည်ဖြစ်နိုင်သည်။ ဤနိုင်ငံများထဲတွင် ဓါတ်ငွေ့ထုတ်လုပ်မှုတွင်တာဝန်ရှိသည့် စက်မှုနိုင်ငံများပါဝင်ရမည်။ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျနိုင်ငံ တို့သည် ထိုစာချုပ်ကိုထောက်ခံမည်မဟုတ်ကြောင်းဖော်ပြထားကြပြီးဖြစ်သည်။

ဤသဘောတူညီချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းမှ လက်မခံသင့်သောအကြောင်းရင်းများစွာရှိသည်။ သိပ္ပံပညာရှင်အများစုက မကြာမီကစတင်ခဲ့သော ကမ္ဘာ့မြေမျက်နှာပြင်နှင့်လေထုအပူချိန်မြင့်တက်မှုသည် သဘာဝ ဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်ကြောင်း ထောက်ပြကြသည်။ ဤကဲ့သို့သော ပြောင်းလဲမှုများသည် ကမ္ဘာ့ သမိုင်းတွင်အကြိမ်များစွာဖြစ်ပွားခဲ့ပြီး အနာဂတ်တွင်လည်း ဖြစ်ပျက်လိမ့်အုံးမည်ဟုဆိုကြသည်။ ထို့ပြင်ပြောင်းလဲ မှုများသည် တဖြည်းဖြည်းသာဖြစ်၍ သုတေသနပြုလုပ်ရန်နှင့် နိုင်ငံများအချင်းချင်းတိုင်ပင်ဆွေးနွေးကြရန် အချိန်လုံ လောက်သည်ဟုဆိုသည်။

ကမ္ဘာ့လေထုကိုပူနွေးစေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချရေးအတွက် ရုတ်တရက်အပြောင်းအလဲပြု လုပ်ရန်မလိုအပ်သေးပါ။ အခြေအနေကိုပြေလည်သွားစေနိုင်သည့် အထောက်အထားများမတွေ့သေးပါ။ သိပ္ပံပညာရှင် များ၏ ထောက်ခံမှုကိုမရသောအရာကိစ္စအားအလျင်စလိုမပြုမီ စောင့်ကြည့်ဝါဒကိုကျင့်သုံးသင့်သည်။

စီးပွားရေးအရ အကြီးအကျယ်ဆုတ်ယုတ်မည့်အန္တရာယ်လည်းရှိသည်။ ထင်ရှားကျော်ကြားသည့် စီးပွား ရေးပါရဂူများက စာချုပ်တွင်ပါဝင်သည့်နိုင်ငံများသည် စီးပွားရေးကျဆင်းမှု ၂၀% ရှိမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့ကြသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရရှိသောအကျိုးရလဒ်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ရုရှား ပြည်ထောင်စု၊ ကနေဒါ၊ စကင်ဒီနေးဗီးယားနိုင်ငံများ၊ ဘောလ်တစ်နိုင်ငံများ၏ မြောက်ပိုင်းရာသီဥတုစိုက်ပျိုး ရာသီသည်ရှည်ကြာသဖြင့် သီးနှံထုတ်လုပ်မှုပိုမိုတိုးတက်လာသည်။

အဆိုပါသဘောတူစာချုပ်သည် စက်မှုထွန်းကားသည့်အနောက်နိုင်ငံများအတွက် တရားမျှတမှုမရှိပါ။ ထိုနိုင်ငံများနေရာတွင် စီးပွားရေးကျဆင်းပြီး စက်မှုဖွံ့ဖြိုးခါစ တရုတ်နှင့်အိန္ဒိယကဲ့သို့သောနိုင်ငံများက အစားထိုးဝင် ရောက်ကြလိမ့်မည်။ တရုတ်နှင့်အိန္ဒိယတို့သည် ကျိုတိုသဘောတူစာချုပ်နှင့်မသက်ဆိုင်ပါ။ စက်မှုထွန်းကားသော နိုင်ငံများက ဓါတ်ငွေ့ထုတ်လုပ်မှုလျှော့ချချိန်တွင် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသည် ပြစ်ဒါဏ်မခံရဘဲ ဓါတ်ငွေ့ ထုတ်လွှတ်မှုပိုများလာကြလိမ့်မည်။ နောက်ဆုံးအကျိုးရလဒ်မှာ ကမ္ဘာ့အပူချိန်ကိုတိုးစေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှု သည် ကျိုတိုစာချုပ်မတိုင်မီကထက် ပိုများလာလိမ့်မည်။

ကျွန်ုပ်တို့သည် သိပ္ပံပညာရှင်အနည်းစုနှင့် ကောင်းကင်ပြိုကျတော့မည်ဟုပြောဆိုကြသည့် အစွန်းရောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကို နားမထောင်သင့်။ သူတို့၏သုတေသနလေ့လာချက်သည် သိပ္ပံနည်းမကျ။ သတိကြီးစွာနှင့်ချဉ်းကပ်ပြောဆိုသူများကိုသာ နားထောင်သင့်သည်။ အတွေးခေါင်သူတချို့က ပင်လယ်ရေမြင့်တက်လာပြီး ကျွန်းနိုင်ငံများစွာနှင့်ကမ်းခြေများ ပင်လယ်ရေအောက်ရောက်သွားလိမ့်မည်ဟုပင် ပြောဆိုကြသေးသည်။ ဤအဆိုသည် အဓိပ္ပါယ်မရှိပါ။ ဤကဲ့သို့လည်းဖြစ်မလာသေး။ နောင်တွင်လည်းဖြစ်လာမည်မဟုတ်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အားကျောက်ခေတ်သို့ပြန်ခေါ်သွားမည့် လိမ်ညာပြောဆိုသူများနှင့် အစွန်းရောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၏ဘေးမှကိုယ့်ကိုကိုယ်ကာကွယ်ကြရလိမ့်မည်။ ကမ္ဘာကြီးကိုပူနွေးစေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုကို ကန့်သတ်လိုက်သည်နှင့်တပြိုင်နက် ကမ္ဘာတဝှမ်းမှလူသန်းပေါင်းများစွာတို့ အငတ်ဘေးကျ ရောက်လိမ့်မည်။ ကမ္ဘာ့စီးပွားရေးကျဆင်းပြီး လူလတ်တန်းစားတို့၏လူနေမှုစနစ်လည်း ကွယ်ပျောက်သွားလိမ့်မည်။ လူတိုင်းအလုပ်လက်မဲ့ဖြစ်၍ အအေးဒါဏ်ဖြင့်ခိုက်ခိုက်တုန်နေကြလိမ့်မည်။ ။

“ဝေဖန်ပိုင်းခြားစဉ်းစား၍ နားထောင်ခြင်းဇယား”

	သတိပြု နားထောင်ရန်	ဟောပြောသူအပေါ် အကဲဖြတ်ချက်
၁	ဟောပြောသူအဓိကတင်ပြတဲ့ အကြောင်းအရာက ဘာလဲ။	
၂	အဓိကအကြောင်းအရာအပေါ် ဟောပြောသူက ဘယ်လိုသဘော ထားပေးသလဲ။	
၃	ဟောပြောသူရဲ့ ကျိုးကြောင်းဆင်ခြင်မှုကဘာလဲ	
၄	ဟောပြောသူ တင်ပြတဲ့ သက်သေအထောက်အထားတွေက ဘာတွေလဲ။	
၅	ဟောပြောသူ တင်ပြသွားသော အချက်အလက်များကို လက်ခံနိုင်ပါသလား။ ဘာကြောင့်လဲ။	
၆	ထိန်ချန်ထားတာတွေရှိနိုင်သလား၊ ဘာတွေ ထိန်ချန်ထားတယ် ထင်သလဲ။	
၇	ဟောပြောသူရဲ့ အသံနေအသံထားနဲ့ ကိုယ်ဟန် အမူယာတွေကို သတိထားမိပါသလား။ ဘယ်လိုအဓိပ္ပါယ် ဖော်ဆောင်ပါသလဲ။	
၈	ဟောပြောရာမှာ နှင့်နှင့်သီးသီး စကားလုံးတွေ ပါသလား၊ ဘာတွေလဲ။	
၉	ဟောပြောသူရဲ့ ရည်ရွယ်ချက်ကိုခန့် မှန်းလို့ ရသလား။ ဘာရည်ရွယ်ချက်လဲ။	

၇။ ဝေဖန်ပိုင်းခြားစဥ်းစား၍ စာရေးခြင်း

စာရေးနည်းစဥ်နဲ့ချဥ်းကပ်နည်းရဲ့ အကျိုးကျေးဇူးတွေ

စာရေးနည်းစဥ်နဲ့ချဥ်းကပ်နည်းရဲ့ အရေးပါတဲ့အကျိုးကျေးဇူးတချို့ကတော့ အောက်ပါ အတိုင်းဖြစ်ပါတယ်။

- စာရေးခြင်းဟာ လူငယ်တွေကို မိမိတို့ရဲ့ အရေးအသားပုံစံကို ရှာတွေ့စေပြီး မိမိတို့အတွေးအခေါ်တွေနဲ့ အတွေ့ အကြုံတွေကို လေးစားလာစေပါတယ်။
- စာရေးခြင်းဟာ လူငယ်တွေကို အတွင်းကျကျပိုနားလည်လာစေပါတယ်။ စာရေးသူဟာ အတွေးအခေါ် တခုကို မှတ်တမ်းတင်တယ်၊ ဒီအတွေးအခေါ်ကို ရေးထားတာကို စစ်ဆေးတယ်၊ ပြီးတော့ ပိုစိတ်ဝင်စား စရာကောင်းတဲ့ အတွေးအခေါ် နဲ့တုန့်ပြန်တယ်။ စာရေးခြင်းဟာ ဝေဖန်ပိုင်းခြားစဥ်းစားမှုကို အထောက် အကူပေးပါတယ်။
- စာရေးခြင်းကြောင့်လူငယ်တွေရဲ့ စူးစမ်းလိုမှုမြင့်မားလာပြီး ပိုတက်ကြွတဲ့လေ့လာသူတွေဖြစ်လာစေပါ တယ်။
- စာရေးခြင်းဟာ လူငယ်တွေကို မိမိတို့အတန်းဖေါ်တွေရဲ့ အတွေ့အကြုံတွေကို ပိုမိုသတိပြုမိလာစေပြီး ရှင်းပြစေပါတယ်။ စာရေးပြီးဖလှယ်ကြတာဟာ အတန်းတွင်းမှာ အသိုင်းအဝိုင်းစိတ်ဓါတ် ဖြစ်ထွန်းစေ ပါတယ်။
- စာရေးခြင်းဟာ လူငယ်တွေကို "စာရေးသူတွေလိုဖတ်စေ" ပြီး အောင်မြင်အောင် စာသားတွေကို ဘယ် လို ပေါင်း စပ်ထားသလဲဆိုတာ ပိုမိုနားလည်စေခြင်းဖြင့် သူတို့ရဲ့ စာဖတ်မှုအရည်အချင်း တိုးတက် စေပါတယ်။ (ပြောင်းပြန်ပြောရရင် စာများများဖတ်တာဟာ ကျောင်းသားတွေကို စာပေဘာသာစကား တွေ ပိုပြည့်ပြည့် စုံစုံ သုံးပြီး "စာဖတ်သူတွေလိုရေးစေ" ပါတယ်။)
- စာရေး တုန့်ပြန်ခြင်းနဲ့ တခြားစာရေးပြီးစူးစမ်းလေ့လာမှုတွေဟာ ကျောင်းသားတွေရဲ့ ထိုးထွင်းသိမြင်မှုကို ပိုနက်နဲ စေတဲ့ အစွမ်းထက်တဲ့ကရိယာတွေပဲဖြစ်ပါတယ်။
- စာရေးခြင်းဖြင့် ကျောင်းသားတွေဟာ မိမိတို့ရဲ့အတွေးအခေါ်တွေ၊ အတွေ့အကြုံတွေနဲ့ပါတ်သက်ပြီး သူများတွေရဲ့ လေးစားမှုရစေနိုင်ပါတယ်။

စာရေးနည်းစဥ်နဲ့ချဥ်းကပ်နည်းကို စတင်လိုက်တဲ့သူတွေက စာရေးဆရာတွေနဲ့ လူငယ်တွေကနေတဆင့် ပညာ ရပါတယ်။ စာရေးဆရာတွေကနေ သူတို့စာရေးတဲ့အခါ ဘာလုပ်သလဲ၊ ပြီးတော့ ဘယ်လိုအခြေအနေတွေ လိုအပ် သလဲဆိုတာ သိရပါတယ်။ ဒီသင်ခန်းစာတွေကို စာရေးဆရာတွေဆီကသင်ယူရသလို ဒီနည်းစဥ်တွေကို တူညီတဲ့ အခြေအနေတွေမှာ လူငယ်တွေဆောင်ရွက်နိုင်ဖို့ အဲဒီအခြေအနေတွေကို တခါပြန် ဖန်တီးပါတယ်။

စာရေးဆရာတွေ ဘာလိုအပ်သလဲ။

စာရေးဆရာတွေဟာ စာရေးတဲ့အခါ ဘာလုပ်ကြသလဲ။ ပြီးတော့ ဘယ်လို အခြေအနေမျိုးတွေ လိုအပ်သလဲ။

၁။ ပုံမှန်စာရေးနိုင်ခွင့်
၂။ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာတွေ
၃။ နမူနာများ
၄။ ပရိသတ်တွေနဲ့ ထွက်ပေါက်တွေ
၅။ ပြန်ရေးတဲ့အကျင့်
၆။ စည်းမျဥ်းတွေက ခေတ္တအနားယူခြင်း
၇။ အပေါင်းအဖေါ်တွေရဲ့ ထောက်ပံ့အားပေးမှု
၈။ အကြောင်းအရာအမျိုးမျိုး စာပေပုံစံအမျိုးမျိုးရေးဖို့ အခွင့်အရေးတွေ

စာရေးနည်းစဉ်

ကျောင်းသားတယောက်ဟာ အကြံတခုနဲ့စပြီး တဖြည်းဖြည်း စာမျက်နှာတခုပေါ်ကနေ စာဖတ်သူတွေကို အဲဒီအကြံ ကို အောင်အောင်မြင်မြင် ပြောပြနိုင်တဲ့အထိပုံဖေါ်စေပြီး မူလအကြံကနေ ပေါ်လာတဲ့ အဓိက အကြောင်းရင်းနဲ့ ပါတ် သက်ပြီး စာဖတ်သူတွေနဲ့ စာရေးသူအကြား အဆက်အစပ်တွေ တည်ဆောက်ပေးဖို့ နည်းတရပ်ကို စာရေးနည်းစဉ်က ပေးပါတယ်။ ဒါဟာ တဆင့်ပြီးတဆင့်လုပ်ရတဲ့နည်းစဉ်ပါ။ အဲဒီနည်းစဉ်ကနေ ကျောင်းသားတွေဟာ စိတ်ချရတဲ့ စာရေးဆရာတွေဖြစ်လာပြီး စာရေးခြင်းဟာ ရှင်းပြဖို့နဲ့ အတွေးအခေါ်တွေကို ထုတ်ဖေါ်ပြောဖို့ နည်းတခုဖြစ်လာ ပါတယ်။

- အစမ်းလေ့ကျင့်ခြင်း
- အကြမ်းရေးခြင်း
- ပြန်ရေးခြင်း
- စီစစ်ခြင်း
- ထုတ်ဝေခြင်း

သင်တန်း (A MODEL WRITING WORKSHOP)

- အကြောင်းအရာ ငါးခုပြင်ဆင်ခြင်း
- ခေါင်းစဉ်တွေကို ပြသခြင်း
- တခြားလူတွေက သင့်ကို တွေ့ဆုံမေးမြန်းခြင်း
- တခြားသူတွေလည်းခေါင်းစဉ်တွေစာရင်းလုပ်ခြင်း
- တခြားသူတွေ တယောက်နဲ့တယောက်သူတို့ခေါင်းစဉ်တွေအကြောင်း မေးမြန်းခြင်း
- ကလပ်စတာလုပ်ခြင်း
- တခြားလူတွေက သင့်ကလပ်စတာအကြောင်း သင့်ကို မေးခြင်း
- တခြားလူတွေလည်း ကလပ်စတာလုပ်ပြီးတယောက်နဲ့တယောက်မေးခြင်း
- ကြားချိန်ကာလတခုအတွက်လူတိုင်းရေးခြင်း
- ပြောချင်တာတွေပြောပေမဲ့တနည်းနည်းနဲ့ ပိုကောင်းအောင်လုပ်နိုင်တဲ့ စာတန်းတခုပြပါ
- တခြားလူတွေက မိမိတို့စာတန်းတွေကို တွဲဖေါ်တွဲဖက်တွေကို ဝေဖန်ချက်တွေရဖို့ ဖတ်ပြပါတယ်
- စာတန်းတွေကိုပြင်ထားတဲ့အကြမ်းပြန်ရေးပါ
- နံရံကိုဖတ်ပြပါ
- ဖတ်လိုသူတွေကို စာရေးသူရဲ့ခုံကနေ ဖတ်ခိုင်းပါ

စာရေးနည်းစဉ်တွေရဲ့ ရှုထောင့်တွေ

အချိန်။ ။ စာရေးသင်တန်းတွေကို ပုံမှန်အချိန်ခြားပြီးလုပ်ပါ။ ဒါမှ ကျောင်းသားတွေဟာ စာရေးဖို့ အခွင့်အရေးတွေရတဲ့အခါ၊ အကူအညီရတဲ့အခါနဲ့ မိမိတို့အတွေးအခေါ်တွေ ဖလှယ်တဲ့အခါကို သိမှာဖြစ်ပါတယ်။

ပိုင်ဆိုင်မှု။ ။ ကျောင်းသားတွေအနေနဲ့ မိမိတို့ခေါင်းစဉ်မိမိတို့ရွေးချယ်ခွင့် ဒါမှမဟုတ် ခေါင်းစဉ်တွေကို ဘယ်လိုချဉ်းကပ်မယ်ဆိုတာ ရွေးချယ်ပိုင်ခွင့်ရှိသင့်ပါတယ်။

သရုပ်ပြခြင်း။ ။ စာအရေးအသားသင်ကြားတာဟာ စတူဒီယိုလက်မှုပညာတရပ်ဖြစ်ပါတယ်။ ကောင်းကောင်း ရေးထားတဲ့အရာတွေဖြစ်ပေါ်စေတဲ့နည်းစဉ်ကို ဂရုပြုရမှာဖြစ်ပါတယ်။ ဆရာဟာ နည်းစဉ်ရဲ့ အဆင့်တိုင်းကို သရုပ်ပြရမှာဖြစ်ပြီး ဒီတော့မှ ကျောင်းသားတွေက ထိရောက်တဲ့အရေးအသား ဘယ်လိုလုပ်ရသလဲဆိုတာ သိမှာပါ။

အာရ်/အေ/အက်ဖ်/တီ နည်းစဉ် (ROLE, AUDIENCES, FORM, TIME TO WRITE)

ပုံစံတွေနဲ့ ရေးခြင်း

ဆရာက တတန်းလုံးကို ခေါင်းစဉ်တခုပေးပါတယ်။ ပြီးတော့ တတန်းလုံးကို ဒီခေါင်းစဉ်ကိုရေးမယ့်လူတွေရဲ့ အခန်းကဏ္ဍအမျိုးမျိုးနဲ့ပါတ်သက်ပြီး အကြံတွေစုခိုင်း (လွတ်လွတ်လပ်လပ်တွေးခိုင်း) ပါတယ်။ ပြီးတော့ သင်တန်းသား တယောက်စီကို အဲဒီ အခန်းကဏ္ဍမှာပါတဲ့သူက ဘယ်လိုပရိသတ်မျိုးအတွက်ရေးမလဲဆိုတာ မေးပါတယ်။ နောက်ဆုံးမှာ သင်တန်းသားတွေကို ဘယ်လိုပုံစံအရေးအသားနဲ့ရေးရမလဲဆိုတာ စဉ်းစားခိုင်းပါတယ်။

> ဘယ်သူတွေက ဒီခေါင်းစဉ်မျိုးရေးကြမှာလဲ။ သူတို့က ဘယ်အခန်းကဏ္ဍကပါကြမှာလဲ။
> ဒီရေးသားချက်ဟာ ဘယ်ပရိသတ်အတွက်ဖြစ်မလဲ။
> သူတို့အရေးအသားဟာ ဘယ်လိုပုံစံမျိုးရှိမလဲ။

ဒီလေ့ကျင့်ခန်းလုပ်ဖို့ အဆင့်တွေ

၁။ ခေါင်းစဉ်ရွေးပါ။ ။
၂။ အခန်းကဏ္ဍတွေစဉ်းစားပါ
၃။ ပရိသတ်တွေကိုစဉ်းစားပါ
၄။ အရေးအသားပုံစံကို စဉ်းစားပါ
၅။ သင်တန်းသားတွေကို ရေးဖို့ အချိန်ပေးပါ
၆။ တယောက်နဲ့တယောက်ဖလှယ်ဖို့ စီစဉ်ပါ

၈။ စုပေါင်းသင်ယူခြင်း

စနစ်တကျလေ့လာခြင်းနှင့် စုပေါင်းသင်ယူခြင်းအတွက် 'ဟယ်လိုဝင်းမှာ စဉ်းစားမိခြင်း' ဖတ်စာကို ရွေးချယ်ထားပါသည်။ ဤဖတ်စာသည် လူတို့၏အထင်အမြင်လွဲခံရမှုကြောင့် အညိုးထားအသတ်ခံနေရသော သတ္တဝါတစ်ကောင်ကို လေ့လာတင်ပြထားသောစာတမ်းဖြစ်ပါသည်။ ဤသတ္တဝါငယ်သည် လူတွေထင်သကဲ့သို့ ဆိုးကျိုးပေးသောသတ္တဝါမဟုတ်ဘဲ ကြီးကြီးမားမားအကျိုးပြုသော သတ္တဝါငယ်တစ်ကောင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြထားပါသည်။ ဤစာတမ်းအား ဖတ်ရှု၍ နည်းလမ်းအဖြစ် စုပေါင်းသင်ယူခြင်းနည်းလမ်းများထဲမှ ဂျစ်ဆောနည်းတစ်ခုကိုအသုံးပြု၍ ဖတ်ရှုကြပါမည်။

၈.၁။ ဟယ်လိုဝင်း **(Halloween)** မှာစဉ်းစားမိခြင်း။ လင်းနို့တွေဟာ လှပြီး ကောင်းတာတွေလုပ်ပါတယ်။

အပိုင်း ၁

လင်းနို့တွေဟာ ကြက်သီးထစရာကောင်းပါတယ်။ လင်းနို့တွေဟာ အရုပ်ဆိုးပါတယ်။ လင်းနို့တွေဟာ သင်ရဲ့ဆံပင်နဲ့ ညိတတ်ပါတယ်။ လင်းနို့တွေကနေရောဂါတွေအများကြီး ပြန့်နိုင်ပါတယ်။ ကျောခိုင်းလိုက်တာနဲ့ လင်းနို့တွေဟာ သင့်သွေးစုတ်ပါမယ်။

"လူတွေက ဒီအကြောင်းတွေ စဉ်းစားပါတယ်။ ဒါပေမဲ့ လင်းနို့တွေဟာ ကမ္ဘာပေါ်မှာ အထင်အလွဲခံရဆုံး သတ္တဝါ တွေပါ။" လို့ Merlin D. Tuttle ကပြောပါတယ်။

လင်းနို့တွေရဲ့ ဇီဝဗေဒကို လေးလေးနက်နက်လေ့လာတဲ့ ကမ္ဘာ့သိပ္ပံပညာရှင် ဒါဇင်အနည်းငယ်တောထဲက Mr. Tuttle သိထိုက်ပါတယ်။ သူဟာ ကမ္ဘာပတ်ပြီး လင်းနို့တွေလေ့လာခဲ့ပါတယ်။ လင်းနို့တွေအကြောင်း ပိုသိဖို့ အတွက် ညတွေမှာ သတ္တိရှိရှိနဲ့ တောတွေ ထဲမှာ နေ၊ တောင်တွေကုတ်ခြစ်တက်၊ သစ်ပင်တွေတက်၊ ပြီးတော့ လိုဏ်ဂူအနက်ကြီးတွေထဲ ဆင်းခဲ့ပါတယ်။

လင်းနို့တွေဟာ သိပ္ပံပညာအတွက်အလွန်ကြီးမားတဲ့တန်ဖိုးရှိယုံမက (လောလောဆယ် လင်းနို့သုတေသနကြောင့် ပဋိသန္ဓေတားဆီးပုံ၊ ကင်ဆာရောဂါတိုက်ဖျက်ဖို့နဲ့ စကားပြောရာမှာ ချို့ယွင်းချက်တွေကုသတာတို့ ပိုကောင်းလါဖို့ အလားအလာရှိပါတယ်) အသိဉာဏ်လည်း အလွန်မြင့်မားပြီး အလွယ်တကူသင်ကြားပေးနိုင်ပါတယ်လို့ Mr. Tuttle ကဆိုပါတယ်။ တချို့ အရွယ်အစားကြီးပြီး၊ အသီးအနှံစားတဲ့ အိမ်မွေးတိရိစ္ဆာန်အနေနဲ့မွေးထားတဲ့ လင်းနို့တွေဟာ မိသားစုခွေးလိုပဲ ချစ်ခင်ပြီး သစ္စာရှိကြပါတယ်။

စိုနာ **(SONAR)** ကျွမ်းကျင်သူများ

လင်းပိုင်တွေ ပင်လယ်ကို ကျွမ်းကျင်သလိုပဲ လင်းနို့တွေဟာညကောင်းကင်ယံကို ကျွမ်းကျင်ပါတယ်လို့ အတောင်ရှိနို့တိုက်သတ္တဝါတွေကိုလေ့လာပြီး ပါရဂူဘွဲ့ရခဲ့တဲ့ အသက် ၄၁ နှစ်ရှိ Mr. Tuttle ကပြောပါတယ်။ လင်းနို့တွေရဲ့ အဲကိုးလိုကေးရှင်း (ပဲ့တင်သံဖြင့်နေရာပြခြင်း) လို့ခေါ်တဲ့ စိုနာနဲ့ သွားလာတဲ့စနစ်ဟာ သိပ်တိုးတက်ပါတယ်။ တကယ်ဆို တိုးတက်လွန်းလို့ လက်ရှိသိပ္ပံပညာရဲ့နားလည်မှုထက်တောင် ကျော်လွန်ပါတယ်။

ဒါပေမဲ့ ရက်ကြောက်တတ်တဲ့ညသတ္တဝါတွေနဲ့ပါတ်သက်ပြီး ပိုနှစ်သက်စရာကောင်းတယ်ဆိုတဲ့ စိတ်ဝင်စားဖွယ် အသိဟာ အများက လင်းနို့တွေနဲ့ပါတ်သက်ပြီးမြင်ထားတဲ့အမြင်ကို ပိုကြည်လင်လာအောင် အထောက်အကူ မပေးသေးပါဘူး။ ကြောက်ရွံ့မှုနဲ့မသိနားမလည်မှုတို့ကြောင့် ကမ္ဘာပေါ်က သန်းပေါင်းများစွာသော လင်းနို့တွေဟာ မလိုအပ်ပဲ အဖျက်ဆီးခံရပါတယ်လို့ Mr. Tuttle ကပြောပါတယ်။ တချို့တွေအမျိုးတုန်းကုန်ကြပြီး တချို့ဟာ ကွယ်ပျောက်တော့မယ့်စာရင်းမှာ ရှိနေပါတယ်လို့ သူကဆက်ပြောပါတယ်။

ဒါပေမဲ့ လင်းနို့တွေရဲ့တခြားမိတ်ဆွေတွေနဲ့ Mr. Tuttle တို့က ပြန်တိုက်ခိုက်နေပါတယ်။ သူတို့ဟာ လင်းနို့တွေကို နိုင်ငံတကာမှာ တိုးပွါးစေဖို့ရည်ရွယ်ချက်နဲ့ နိုင်ငံတကာလင်းနို့ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့လိုက်ပါတယ်။ အဲဒီအဖွဲ့ဟာ ဗြိတိန်နိုင်ငံမှာ အမျိုးတုန်းတော့မှာဖြစ်တဲ့ မြင်းခွာလင်းနို့တွေအတွက် ထိန်းသိမ်းဖို့နေရာဖယ်ထားဖို့အရေးမှာ အကူအညီပေးလိုက်ပါတယ်။ အမေရိကန်မှာရှိတဲ့ လင်းနို့လိုဏ်ဂူတွေကိုလည်း ရည်မှန်းချက်ကြီးကြီးနဲ့ စထိန်းသိမ်း ပြီး လင်းနို့သုတေသန လုပ်ဖို့ ပုဂ္ဂလိကနဲ့အများပိုင်ငွေတွေ ပိုတိုးမြှင့်သုံးနိုင်ရေးကိုလည်း ကြိုးပမ်းနေပါတယ်။

အပိုင်း ၂

ဒါပေမဲ့ နိုင်ငံတကာလင်းနို့ထိန်းသိမ်းရေးအဖွဲ့ရဲ့ လုပ်ငန်းအများစုဟာ လင်းနို့တွေအပေါ်အများရဲ့အမြင် ပိုကောင်းလာရေးပါပဲ။

လင်းနို့တွေအပေါ်အများအမြင်ကို ပြန်ကောင်းအောင်လုပ်ပေးဖို့ဟာက ကျွန်တော်တို့လုပ်ငန်းရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတရပ်ဖြစ်ပါတယ် လို့ အဖွဲ့ရဲ့ တဦးတည်းသော ဝန်ထမ်းဖြစ်တဲ့ Stephen Kern ကပြောပါတယ်။

လောလောဆယ် Mr. Tuttle နို့တိုက်သတ္တဝါတွေ ပြတိုက်မှူးလုပ်နေတဲ့ နိုင်ငံတကာလင်းနို့ထိန်းသိမ်းရေးအဖွဲ့ဟာ မီလ်ဝေါကီး ပြည်သူ့ ပြတိုက်မှာ ရှိပြီး ငွေနဲ့အဖွဲ့ဝင်မများရင်တောင်မှ မျှော်လင့်ချက်တွေ ကြွယ်ဝပါတယ်။ ဒါပေမဲ့ လင်းနို့တွေကောင်းတယ်ဆိုတဲ့ဝါဒဖြန့်တိုက်ပွဲကို Mr. Tuttle ရဲ့ လင်းနို့တွေနဲ့ပါတ်သက်တဲ့ သဘောထားကိုပြတဲ့ လက်ကမ်းစာစောင်ထုတ်ဝေပြီး စခဲ့ပါပြီ။

အဲဒီလက်ကမ်းစာစောင်က လင်းနို့နဲ့ပါတ်သက်တဲ့စာရင်းဇယားမှာ။ ။

- သူတို့အရွယ်အရ လင်းနို့တွေဟာ ကမ္ဘာပေါ်ကအသက်အရှည်ဆုံး နို့တိုက်သတ္တဝါတွေဖြစ်ပြီး တချို့အမျိုးတွေဆိုရင် နှစ် ၃၀ ဒါမှမဟုတ် ဒါထက်ကျော်ပြီး အသက်ရှည်နိုင်ပါတယ်။ (တကယ်လို့ လူတွေသာ လင်းနို့တွေရဲ့ ကိုယ်ခန္ဓာကို တုနိုင်မယ်ဆိုရင် ကျနော်တို့လည်း မသုစလာလောက် အသက်ရှည်အောင်နေနိုင်မယ် လို့ Mr. Tuttle ကပြောပါ တယ်။)

- လင်းနို့အမျိုးပေါင်း တထောင်လောက်ရှိတယ်။ ကမ္ဘာပေါ်ကနို့တိုက်သတ္တဝါဦးရေရဲ့ လေးပုံတပုံရှိတယ်။ ခန့်မှန်းခြေအရ တက္ကဆပ်က စန်အန်တိုနီယို လိုဏ်ဂူတွေနားမှာနေတဲ့ လင်းနို့သန်းပေါင်း ၇၀ လောက်ဟာ ကမ္ဘာပေါ်က ကျောရိုးသတ္တဝါ တွေ အများဆုံး စုဝေးရာနေရာဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။

- ပိတုန်းအရွယ်လောက်ရှိတဲ့ လင်းနို့တမျိုးဟာ ကမ္ဘာ့အငယ်ဆုံး နို့တိုက်သတ္တဝါဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ ရှိပါတယ်။

- လင်းနို့အမျိုးတမျိုးတည်းက အာရှမှာရှိတဲ့ကောက်ပဲသီးနှံ ဒေါ်လာသန်းပေါင်း ၉၀ ဖိုးကို ဝတ်မှုန်ကူးပေးပါတယ်။ လင်းနို့ တွေဟာ တချို့ ပူနွေးစွတ်စိုတဲ့အရပ်က သစ်တောတချို့မှာ မျိုးစေ့ပြန့်ပွါးစေတဲ့ အရေးကြီးဆုံး တိရိစ္ဆာန်ဖြစ်နိုင်ပါတယ်။

- လင်းနို့တွေဟာ ပိုးကောင်တွေသန်းလိုက်ချီပြီး စားပါတယ်။ အမျိုးတုန်းတော့မယ်လို့ယူဆထားတဲ့ အမေရိကန်အမျိုး မီခိုးရောင်လင်းနို့တကောင်ဟာ တညမှာ အင်းစက်ပိုးပေါင်း သုံးထောင်လောက်စားနိုင်ပါတယ်။ တက္ကဆပ်က မက္ကဆီကန် အမျိုးအစား လွတ်လပ်တဲ့အမြီးရှိလင်းနို့ကိုလိုနီက လင်းနို့သန်းပေါင်း ၂၀ ဟာ အစာတခါစားချိန်မှာ ပိုးကောင်ပေါင်း ပေါင်ချိန် ၂ သိန်း ၅ သောင်းလောက် စားပါတယ်။

- လိုဏ်ဂူတွေက ရတဲ့ လင်းနို့ချေးဟာ တိုးတက်ဆဲနိုင်ငံပေါင်းများစွာမှာ အဓိကမြေသြဇာအဖြစ်သုံးပါတယ်။ ကမ္ဘာပေါ်က ပြောင်းပင် သုံးပုံတပုံ ရှင်ဖို့ အထောက်အကူပေးပါတယ်။

- အာရှ၊ အာဖရိကနဲ့ ပစိဖိတ်တလျှောက်မှာ လင်းနို့တွေကို စားလို့ရတယ်လို့ ယူဆကြပါတယ်။ ဂွမ်ကျွန်းက စားသောက်ဆိုင် ကောင်းကောင်းတဆိုင်မှာ လင်းနို့ညစာကောင်းကောင်းတပွဲဆိုရင် ၂၅ ဒေါ်လာပေးရပါမယ်။

အပိုင်း ၃

Mr. Tuttle ဟာ လင်းနို့မစားပါဘူး။ ဒါပေမဲ့ တခြားလူတွေစားတယ်ဆိုတဲ့ အချက်က သူတို့ဟာ အသုံးဝင်ပါတယ်ဆိုတဲ့ သူများတွေ (အထူးသဖြင့် အရာရာကိုကြောက်နေတဲ့အနောက်နိုင်ငံယဉ်ကျေးမှုမှာ) ခါတိုင်းပေးလေ့မရှိတဲ့ ဂုဏ်ပုဒ်ရှိတယ်လို့သူထင်ပါတယ်။ အမေရိက၊ ဥရောပနဲ့ လက်တင်အမေရိကတို့က လင်းနို့တွေဟာ ကမ္ဘာရဲ့တခြားနေရာက လင်းနို့တွေထက်စာရင် ပိုညှဉ်းဆဲခံရပြီး ဒါဟာ အဓိကအားဖြင့် အကြောင်း ၂ ရပ်ကြောင့်ဖြစ်တယ်လို့ သူကဆက်ပြောပါတယ်။ ဒီအကြောင်း ၂ရပ်ကတော့ ဒရယ်ကယူလာ သွေးစုပ်ကောင် ရောဂါရယ် သူတို့ဟာ အထူးသဖြင့် ခွေးရူးရောဂါလို ရောဂါတွေ ပြန့်နှံ့စေတယ်ဆိုတဲ့ လိုအပ်တာထက်ပိုတဲ့ အကြောက်တရားတွေကြောင့်ပါပဲ။

ဒရယ်ကယူလာဆိုတာ စာပေနဲ့ရုပ်ရှင်က ပေါ်ပင်အရာတခုပါ လို့ လင်းနို့ကာကွယ်ထိန်းသိမ်းရေးသမား Mr. Kern ကဆိုပါတယ်။ ဒီဇာတ်လမ်းဟာ ဒရက်ကျူလာရီအခြေခံထားတဲ့ ၁၄ ရာစုနှစ် ရိုမေးနီးယားကမ္ဘူးမတ်မျိုးရိုးကဆင်းသက်လာတဲ့သူဟာ သူ့ရဲ့ လယ်သမားတွေကို သစ်သားတိုင်ချွန်တွေပေါ်မှာ တံကျင်လျှိုသတ်လို့ နာမည်ဆိုးရထိုက်ပါတယ်။ ဒါပေမဲ့ လင်းနို့အတွက်ကတော့ ဥရောပမှာ သွေးစုတ်တဲ့ လင်းနို့တွေ မရှိဘူး။ အရင်ကလည်း မရှိခဲ့ဘူး။ အဲဒါကြောင့် လင်းနို့တွေဟာ ဒီပုံပြင်ထဲ ကံဆိုးစွာ ဆွဲသွင်းခံရပုံရပါတယ်လို့ Mr. Kern ကဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီဒရက်ကျူလာရီဟာ စွဲစွဲမြဲမြဲရှိနေလို့ စပိန်နယ်ချဲ့ သမားတွေဟာ သွေးစုတ်တဲ့လင်းနို့တွေ တွေ့ဖို့ မျှော်လင့်ချက်နဲ့ ကမ္ဘာသစ်ကို ရောက်လာပါတယ်။ သူတို့တွေ့တော့ ပုံပြင်ထဲက ထရန်စဖေးနီးယားက ဝမ်းကွဲလို "သွေးစုတ်ကောင်" လို့ခေါ်လိုက်ပါတယ်။

သွေးစုတ်ကောင်များ

အမေရိက အလယ်ပိုင်းနဲ့ တောင်ပိုင်းမှာ တွေ့ရတဲ့ သွေးစုတ်တဲ့ လင်းနို့ သုံးမျိုးသုံးစားထဲက တမျိုးပဲ အန္တရာယ်ရှိတဲ့ အကောင်မျိုးလို့ ယူဆရလောက်အောင် များပြားပါတယ်။ ဒါပေမဲ့ သူတို့ဟာ "အကောင်ငယ်လေးတွေပါပဲ-- သုံးလက်မ လေးလက်မလောက်ပဲ ရှိပြီး" ကျွဲနွားတို့ကို လူတွေထက်ပိုကြိုက်ပါတယ်။

"လင်းနို့တွေအားလုံးကို သွေးစုတ်ကောင်တွေဆိုပြီးသတ်မှတ်တာဟာ သိမ်းငှက်တကောင် ကြက်တကောင်ခိုးတာတွေ့လို့ လူတွေက တွေ့တွေ့သမျှ သိန်းငှက်တွေကို သေနတ်နဲ့ပစ်တာနဲ့တူနေပါတယ်။ လူအများစုဟာ အခုတော့ သိန်းငှက်တွေကို ဒါထက်ပိုကောင်းကောင်း ဆက်ဆံပါတယ်။ ဒါပေမဲ့ လင်းနို့တွေအားလုံးဟာ သွေးစုတ်ကောင်ရဲ့ နာမည်ဆိုးကြောင့် ဒီကနေ့အထိ ဒုက္ခခံနေရတုန်းပါပဲ။" လို့ Mr. Tuttle ကပြောပါတယ်။

ခွေးရူးရောဂါက ပိုကြောက်စရာကောင်းတဲ့ ပြဿနာဆိုတာ Mr. Tuttle ကသဘောတူပါတယ်။ ဒါပေမဲ့ လင်းနို့တွေဆီက ခွေးရူးရောဂါဟာ စကာန့်ခ်တို့၊ တောကြောင်တို့၊ အထူးသဖြင့်မြေခွေးတို့ စတဲ့ တိရိစ္ဆာန်တွေလောက် အန္တရာယ်မရှိပါဘူး။ အိမ်မွေးကြောင်တွေ ခွေးတွေနဲ့နှိုင်းရင်တောင် အန္တရာယ်သေးပါတယ်။ ၁၉၆၃ ခုနှစ်ကတည်းက အမေရိကန်နိုင်ငံက အတည်ပြုထားတဲ့ ခွေးရူးရောဂါအမှု ၂၈မှုမှာ ငါးခုပဲ လင်းနို့တွေ ကြောင့်ဖြစ်တာပါ။ (ခွေးတွေက အဓိက တရားခံပါ။) ဒါတောင်မှ လင်းနို့အမှုတချို့ဟာ "ဘယ်လိုစဖြစ်တယ်ဆိုတာ သံသယရှိပါတယ်။" လို့ ကာလီဖိုးနီးယား ပြည်သူ့ကျန်းမာရေး ဌာနက တိရိစ္ဆာန်ဆေးကုဆရာ Denny Constatine ကပြောပါတယ်။ ခွေးရူးရောဂါ ထိန်းသိမ်းရေးမှာပိုဆိုးတဲ့ အာရှမှာဆိုရင် မှတ်တမ်းတွေထားတဲ့အချိန်ကစပြီး လူမှာ လင်းနို့ကိုက်တာနဲ့ ဆက်စပ်လို့ခွေးရူးရောဂါရှိတဲ့အမှုတခုထဲပဲ ရှိပါတယ်။ ဒါပေမဲ့ အမှုပေါင်း တသောင်း ငါးထောင်ဟာတော့ ခွေးတွေနဲ့ဆက်စပ်တယ်လို့ Mr. Tuttle ကပြောပါတယ်။

ဒါ့အပြင် Mr. Constantine က "လင်းနို့တွေဟာ ခွေးရူးရောဂါက ရန်လိုတဲ့အဆင့်မဖြစ်ပါဘူး " လို့ဆိုပါတယ်။ ဆိုလိုတာက သူတို့ဟာ သာမန်အားဖြင့် လူတွေဒါမှမဟုတ် တခြားတိရိစ္ဆာန်တွေက သူတို့ကို မနှောက်ယှက်ရင် ဒါမှမဟုတ် မကိုင်ရင် မတိုက်ခိုက်ပါဘူး။ ဒါကြောင့် ပြဿနာတွေရှောင်ရှားဖို့ Mr. Constantine က နေမကောင်းနေတဲ့ ဒါမှမဟုတ် ဒဏ်ရာရနေတဲ့ လင်းနို့တွေ ဒါမှမဟုတ် ထူးခြားတဲ့အပြုအမူရှိနေတဲ့ လင်းနို့တွေကို ရှောင်ဖို့ အကြံပေးပါတယ်။

အပိုင်း ၄

အရုပ်ဆိုးတယ်ဆိုတဲ့ပြဿနာ

ကြည်လင်ပြီးနွေးထွေးတဲ့ကာလီဖိုးနီးယား မနက်ခင်းတခုမှာ Philip Leitner ဟာ သူ့လက်တွေနဲ့လင်းနို့တွေကို ကိုင်နေပါတယ်။ Mr. Leitner ဟာ စန်ဖရန်စစ္စကိုနားက စိန်မေရီကောလိပ်က ဇီဝဗေဒ ပါမောက္ခတယောက် ဖြစ်ပြီး လင်းနို့ဝါသနာရှင်တယောက်ပါ။ သူဟာ လာမယ့် သိပ္ပံပညာဆိုင်ရာ ပြပွဲတခုအတွက် ဖြူလျော်လျော် လင်းနို့လို့ အများခေါ်တဲ့လင်းနို့တွေ စုဖို့ ကာလီဖိုးနီးယား ဗိုင်ထုတ်လုပ်တဲ့အရပ်က ကျီတခုကို ကားမောင်း သွားပါတယ်။

ဒီသေးငယ်တဲ့ အညိုရောင်ဖျော့ဖျော့ရှိတဲ့လင်းနို့တွေဟာ လင်းနို့အတော်များများလိုပဲ ညဘက်မှာ ပိုးကောင်တွေ စားပြီး နေ့မှာအိပ်ကြပါတယ်။ လင်းနို့တွေနေတဲ့ မှောင်မဲနေတဲ့အပေါ်ထပ်ကိုတက်ပြီးတဲ့နောက် သူဟာ ကျင်ကျင် လည်လည်ပဲ တချို့ကို ပိုက်ကွန်ထဲလှုပ်ခါထည့်လိုက်ပြီး အောက်မှာရှိတဲ့နေ့အလင်းရောင်ထဲကို ခေါ်လာပါတယ်။ အဲဒီမှာ လင်းနို့နဲ့ ပါတ်သက်ပြီး အဓိကမေးခွန်းဖြစ်တဲ့ လင်းနို့တွေဟာ တကယ်ပဲ အရုပ်ဆိုးသလား ဆိုတာ ဆွေးနွေး နေကြပါတယ်။

ဒီမေးခွန်းဟာကြကြီးဖန်ဖန်နေနိုင်ပေမဲ့ သူဟာ သူ့အတွေးအခေါ်ကို ထုတ်ပြောဖို့ ဝန်မလေးပါဘူး။ လင်းနို့ ကြိုက်သူ တယောက်ဟာ ကိုယ့်ကိုယ်ကို သိပ်လေးလေးနက်နက်မခံယူဖို့ လိုပါတယ်လို့သူကပြောပါတယ်။ သူဟာ လင်းနို့တွေကို ကလေးဘဝကတည်းက စိတ်ဝင်စားခဲ့ပြီး လင်းနို့တွေဟာ ချစ်စရာကောင်းတယ်လို့ ထင်ပါတယ်။

သူတို့ဟာ တကယ်လည်း ချစ်စရာကောင်းပါတယ်။ အနီးကပ်လေ့လာမယ်ဆိုရင် ဒီဖြူလျော်လျော်လင်းနို့တွေဟာ ချစ်စရာကောင်းတဲ့နားရွက်ကြီးတွေရှိပြီး ခွေးမျက်နှာမျိုးနဲ့ ခင်ခင်မင်မင်ရှိပါတယ်။ ဒီဖြူလျော်လျော်လင်းနို့ဟာ

သာမန်ရုပ်သွင်ရှိတဲ့လင်းနို့လို့ Mr. Leitner ကဆိုပါတယ်။ ရန်ညှိုးအကြီးဆုံး လင်းနို့ထောင်ဖမ်းသူ တယောက်ကတောင် ရှုမငြီးအောင်အာရုံဆွဲဆောင်နိုင်တယ်ဆိုတာ သဘောတူရမယ့် ရှားပါးတဲ့ အစက် အပြောက်တွေပါတဲ့လင်းနို့တကောင်ကို သူ တခါက တွေ့ခဲ့ပါတယ်။

အလှအပနဲ့ လင်းနို့

Mr. Tuttle ကို လင်းနို့တွေရဲ့အလှအပနဲ့ပါတ်သက်ပြီးမေးရင် နားညီးအောင်ကြားရပါလိမ့်မယ်။ အမောက်ပါတဲ့ လင်းနို့ကောင်ရဲ့အရောင်တွေဟာ ဒေါင်းတကောင်လိုရှိပြီး အာဖရိကက သီချင်းဆိုတဲ့လင်းနို့ရဲ့အရောင်တွေဟာ လှလွန်းလို့ သူက အဲဒီလင်းနို့ကို နှစ်လိုဖွယ်ရာကောင်းတဲ့သားရဲတိရိစ္ဆာန်လေးလို့ခေါ်ပါတယ်။

လူအများစုဟာ လင်းနို့တွေရဲ့အလှကို တွေ့ခွင့်မရဘူးလို့ သူကပြောပါတယ်။ Mr. Tuttle ရဲ့အပြောအရ လင်းနို့တွေ အတော်များများဟာ နေ့အလင်းရောင်ဒဏ်အနည်းငယ်ခံနိုင်ပေမဲ့ တိရိစ္ဆာန်ရုံတွေမှာ လင်းနို့တွေကို သူတို့ရဲ့ လိုဏ်ဂူ ပတ်ဝန်းကျင် အနေအထားမှာလိုထားဖို့ အင်ဖရာအနီ အလင်းရောင် အောက်မှာ မလှမပ ပြထား လေ့ရှိပါတယ်။ ဒီတော့ နိုင်ငံတကာလင်းနို့ထိန်းသိမ်းရေးအဖွဲ့က တိရိစ္ဆာန်ရုံဝန်ထမ်းတွေကို လင်းနို့တွေကို ကြောက် စရာကောင်းတဲ့ အင်ဖရာ အနီတောက်ပမှုအောက်ကနေ ထုတ်လိုက်ဖို့ ကြိုးပမ်းရေးဖြစ်တယ်လို့ Mr. Tuttle ကပြောပါတယ်။

လင်းနို့ရဲ့အလှဟာ အရေပြားတထောက်ပဲမဟုတ်ပါဘူးလို့ Mr. Tuttle ကပြောပါတယ်။ ဆယ်ကျော်သက်အရွယ် ကတည်းက လင်းနို့တွေကို လေ့လာခဲ့ပေမဲ့ သူဟာ မကြာသေးခင်အချိန်အထိ လင်းနို့တွေရဲ့ အသိဉာဏ်ကို လျော့တွက်မိတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ပါနားမားက ဖားစားတဲ့လင်းနို့တချို့ဟာ သူ့ရဲ့ဒီအတွေးအခေါ်ကို ပြောင်းစေ လိုက်ပါတယ်။

အဲဒီအဖမ်းခံထားရတဲ့လင်းနို့ဟာ မြန်မြန်ပဲ သုတေသီတွေလက်ထဲက ဖါးတွေယူဖို့ သင်ရင်း ပြောင်းလဲလာ ကြပါတယ်။ အဲဒါပြီးတော့ လင်းနို့တွေရဲ့ နည်းပျူဟာတွေကို အနီးကပ်လေ့လာနိုင်ဖို့ ရေအိုင်အတုထဲက ဖားတွေ ကိုထိုးသုတ်ဖို့ သွေးဆောင်ဖို့ Mr. Tuttle ကမျှော်လင့်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်လောက်ကျတော့ "အဲဒါလုပ်ဖို့ သိပ်တော်လွန်းနေပြီး" သုတေသီတွေဆီကပဲ ဖားတွေတောင်းဖို့ ပိုလိုလားကြပါတယ်လို့ Mr. Tuttle ကပြောပါတယ်။

ဒါကြောင့် Mr. Tuttle ကလင်းနို့ကို လွှတ်လိုက်ပြီး တောထဲမှာ နှစ်မိုင်လောက်လျှောက်သွားပြီး နောက်ထပ် တကောင် ဖမ်းဖို့ စဉ်းစားနေပါတယ်။ နောက်က ဘယ်သူလိုက်လာသလဲ။ "ကျနော်တို့ရဲ့ လင်းနို့ဟာ တောထဲက ပျံလာပြီး ကျနော်တို့ လက်ပေါ်နားဖို့ ကြိုးစားပါတယ်။" လို့ ကပြောပါတယ်။

(The Wall Street Journal (1983, October 27) ကယူးထားပါတယ်။

၉။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းရဲ့ တိုးတက်မှုအတိုင်းအတာများ

ကျောင်းသားတွေဟာ ဝေဖန်ပိုင်းခြားစဉ်းစားလာနိုင်တာနဲ့အမျှ အောက်ပါ အတိုင်းအတာတွေအတိုင်း တိုးတက်လာတယ်လို့ ယူဆပါတယ်။

၁။ ပုဂ္ဂိုလ်ရေးမှ အများအရေးသို့
၂။ သူတပါးလက်အောက်ခံဖြစ်ခြင်းမှ ကိုယ်ပိုင်ရပ်တည်နိုင်ခြင်းသို့
၃။ အတွင်းစိတ်က အလိုလိုသိခြင်းမှ ကျိုးကြောင်းဆင်ခြင်ခြင်းသို့
၄။ ရှုထောင့်တမျိုးထဲမှ ရှုထောင့်အမျိုးမျိုးသို့

ပုဂ္ဂိုလ်ရေးမှ အများအရေးသို့

ကလေးတွေဟာ အလုပ်တခုနဲ့ပါတ်သက်ပြီး တုန့်ပြန်ရာမှာ မိမိတို့ အတွက်ဆွဲဆောင်မှုရှိမရှိ အပေါ်မူတည်ပြီး ကြိုက်တယ်၊ မကြိုက်ဘူးလို့တုန့်ပြန်လေ့ရှိပါတယ်။ အတွေ့အကြုံနဲ့ ရင့်ကျက်မှုအရ သူတို့ဟာ တုန့်ပြန်မှုတွေကို တခြားလူတွေ နားလည်မယ့်နည်းနဲ့ တုန့်ပြန်လာနိုင်ပြီး တခြားလူတွေနဲ့ နှိုင်းယှဉ်ဖို့တို့ စကားရည်လုဖို့တို့အတွက် ပိုသင့်တော်လာပါတယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်ရေးအရ တုန့်ပြန်တာကိုတော့ လုံးဝစွန့်လွှတ်လိုက်တာ မဟုတ်ပါဘူး။ James Britton (1970) နဲ့တခြားလူတွေ ပြောခဲ့သလို ကိုယ်ပိုင်ခံစားရတဲ့ အတွေးအခေါ်တွေရှိခြင်းဟာ အစစ်အမှန်ဖြစ်ပြီး အစွမ်းရှိတဲ့ စဉ်းစားတွေးခေါ်မှုတွေ ဖြစ်စေပါတယ်။ မိမိရဲ့အတွေးအခေါ်တွေကို ရှင်းရှင်းလင်းလင်း အများကို သိမ်းသွင်းလာနိုင်အောင် ပြောဆိုနိုင်ခြင်းဟာ ပညာရှိသူတယောက်ရဲ့ လက္ခဏာတရပ် ဖြစ်ပါတယ်။ လူစိမ်းတွေ အပေါ်တောင် ဒီလိုလုပ်နိုင်စွမ်းရှိပါတယ်။

သူတပါးလက်အောက်ခံဖြစ်ခြင်းမှ ကိုယ်ပိုင်ရပ်တည်နိုင်ခြင်းသို့

သူတပါးလက်အောက်ခံဖြစ်ခြင်းဆိုတာဟာ ကလေးတယောက်ရဲ့ အတွေးအခေါ်လို အသိပညာနဲ့ အာဏာဆိုတာ အမျိုးအစားပိုမိုကြီးမားတဲ့ တခြားအရာတွေကသာ ပိုင်ဆိုင်တယ်၊ ပုံနှိပ်ထားတဲ့ စာသားတခုရဲ့ မှန်ကန်မှုဟာ သံသယဖြစ်စရာ မလိုပါဘူး လို့ ယူဆခြင်းတွေပဲဖြစ်ပါတယ်။ ကိုယ်ပိုင်ရပ်တည်နိုင်ခြင်းဆိုတာကတော့ ကလေး တယောက်ဟာ ကမ္ဘာလောက အကြောင်းပြောနိုင်ပြီး လောကနဲ့ပါတ်သက်ပြီး ဝေဖန်နိုင်တဲ့ အခြေအနေကို ဆိုလိုပါတယ်။ ကျွန်ုပ်တို့ဟာလည်း အကြောင်းအရာတချို့ နဲ့ပါတ်သက်ပြီး အသိဆုံးလူတွေဆိုတာ ဒါမှမဟုတ် ပုံနှိပ်ထားတဲ့ စာတချို့ဟာ အမှန်တရားနဲ့ ပါတ်သက်ပြီး ပြောဆိုတဲ့အခါ အကန့်အသတ်နဲ့ပဲ မှန်မယ်ဆိုတာ ငြင်းစရာ ဘာအကြောင်းမှမရှိပါဘူး။ ကိုယ်ပိုင်အတွေးအခေါ်တွေဘက်ကို ယိမ်းပြီးကြီးလာတဲ့ကျောင်းသားတွေဟာ မိမိတို့ ပြောဆိုချက်တွေကို ယုံကြည်မှုစိတ်ခါတ်အပြည့်နဲ့ ပြောဆိုပြီး ပုံနှိပ်ထားတဲ့စာသားတွေက ပြောဆိုချက် တွေကို ငြင်းဖို့ဝန်မလေးပါဘူး။

အတွင်းစိတ်က အလိုလိုသိခြင်းမှ ကျိုးကြောင်းဆင်ခြင်ခြင်းသို့

ပြောဆိုချက်တရပ်နဲ့ အတွေ့အကြုံကြား အဆက်အစပ် ဒါမှမဟုတ် အခြေခံယူဆချက်နဲ့ ကောက်ချက်ချချက် အကြား အဆက်အစပ်တို့ကို သိပ်မစဉ်းစားပဲ အတွေးအခေါ်တွေကို ထုတ်ဖေါ်ပြောတာကို အတွင်းစိတ်ကသိပြီး ပြောခြင်းလို့ ခေါ်ပါတယ်။ ကျိုးကြောင်းဆင်ခြင်ချက်ကို အလေးပေးတယ်ဆိုတာဟာ အမှန်တရားလို့ဆိုလိုထားတာ တွေကို ထောက်ခံဖို့ သက်သေအထောက်အထားတွေဘယ်လိုပြနေသလဲဆိုတာကို ဂရုပြုမိခြင်းကိုဆိုလိုတာပါ။ ကျိုးကြောင်းဆင်ခြင်မှုတရားက အတွင်းစိတ်ကသိတယ်ဆိုတာကို လုံးဝအစားထိုးသွားဖို့ မဟုတ်ပါဘူး။ ဒါပေမဲ့ အတွင်းစိတ်ထက်စာရင် အကျိုးအကြောင်း ဆင်ခြင်ပြတာဟာ သူများတွေအတွက်ပါ ကောင်းတယ်ဆိုတဲ့ အတိုင်း အတာအထိပါပဲ။ လူတွေဟာ မိမိတို့ရပ်တည် ချက်ကို အကျိုးအကြောင်းနဲ့ ရှင်းပြနိုင်ရင် ဒီမိုကရေစီပိုရှိပါတယ်။

ရှုထောင့်တမျိုးထဲမှ ရှုထောင့်အမျိုးမျိုးသို့

သိပ်မရင့်ကျက်သေးတဲ့ (ဒါမှမဟုတ် တယူသန်ပိုဖြစ်နေတဲ့) အတွေးအခေါ်သမားတယောက်ဟာ တခြားနည်းလမ်း တွေကို မလေ့လာပဲ မိမိရဲ့ အယူအဆကိုပဲ စွဲကိုင်ထားချင်စွဲကိုင်ထားပါမယ်။ ပိုရင့်ကျက်တဲ့ဝေဖန်ပိုင်းခြားစဉ်းစားသူ တယောက်ကတော့ တခြားလူတွေကို ပိုနားလည်ဖို့သာမက မိမိရဲ့အတွေးအခေါ်တွေဟာ အဖြစ်နိုင်ဆုံးဆိုတာ သိဖို့ တခြားအယူအဆတွေကိုလည်း ထည့်သွင်းစဉ်းစားပါမယ်။ ဒါကြောင့် ပိုရင့်ကျက်တဲ့ အတွေးအခေါ်သမား တယောက်ဟာ တခြားယူဆချက်တရပ်ဟာ ပိုဖြစ်နိုင်တယ်ဆိုရင် မိမိရဲ့ အယူအဆတွေကို ပြောင်းချင် ပြောင်းပါလိမ့်မယ်။ ဒါပေမဲ့ မိမိရဲ့ရပ်တည်ချက်ဘက်ကပြောဆိုတဲ့အခါမှာ တခြားအယူအဆတွေကိုလည်း နေရာ ပေးပါလိမ့်မယ်။ ဒီလိုလုပ်ခြင်းဖြင့် "က လို့ယူဆသူတွေ အများကြီးရှိတာ သိပါတယ်။ ဒါပေမဲ့ ခ ဟာလည်း အဓိပ္ပါယ်ရှိတုံးပဲ ဆိုတဲ့အကြောင်းတွေ ပြပါရစေ။" ဆိုတဲ့ အကျိုးကြောင်းပြ ပြောဆိုမှုမျိုးတွေ ဖြစ်ပေါ်လာ စေပါတယ်။

၁၀။ တစ်နေ့တာဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း (EVALUATION OF THE DAY)

၁။ ယနေ့ဆွေးနွေးသည့်အကြောင်းအရာများအနက် သင်အနှစ်သက်ဆုံး အချက်များကိုဖော်ပြပါ။

(What were the most important ideas or concepts discussed today?)

____

____

____

____

____

____

၂။ ယနေ့ဆွေးနွေးသည့်အကြောင်းအရာများအအပေါ် သင်ထပ်မံသိရှိလိုသည့် မေးခွန်းများကို ဖော်ပြပါ။

(What questions do you have at this point regarding today's discussions?)

____

____

____

____

____

____

၃။ ယနေ့ဆွေးနွေးပွဲအပေါ် အကြံပြုလိုသည့် အချက်များကို ဖော်ပြပါ။

(Please make general comments about how the workshop is going for you?)

____

____

____

____

____

____